မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၇)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့တက်ရောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံဝန်ကြီးချုပ် အပီဆစ်ဝဲ့ချာချီဝ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မကြာမီ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မော်လမြိုင်ကျွန်းမြို့နယ် ရာဇုဒိုင်တံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရေး အခြေခံပညာများကို ကျေးလက်ဒေသများ၌ လွယ်လင့်တကူသင်ယူနိုင်အောင်စီစဉ်ပေးထား

အဆင့်မြင့်ပညာများကိုပါ မိမိတို့ဒေသ၌ပင် သင်ယူနိုင်ရေးဆောင်ရွက်ပေးနေ

ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ယူမှုအခွင့်အလမ်း လက်တစ်ကမ်းအကွာတွင်ရှိ

ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်ရေး ကြိုးပမ်းအားထုတ်ကြ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ရက် နံနက်ရနာရီတွင် ပုသိမ်မြို့ ငါးအောက်ချောင်း တိုင်းငါးလုပ်ငန်းဦးစီးဌာနဝင်းအတွင်းရှိ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေး (Integrated Farm) သို့ ရောက်ရှိပြီး ခြံအတွင်း၌ စိုက်ပျိုးထားသည့် ကန်စွန်း၊ ငရုတ်၊ ချဉ်ပေါင်၊ ကြက်သွန်မြိတ်နှင့် ခရမ်းစိုက်ခင်းများ၊ ကောက်ရိုးမှို မွေးမြူခြင်းနှင့် တီကောင်မွေးမြူရေးကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝက်၊ ဘဲ၊ နွားနှင့် ဆိတ်မွေးမြူထားမှု၊ ဇီဝဓာတ်ငွေ့ထုတ်ကန် တည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဝန်ကြီးချုပ်က တစ်နိုင်တစ်ပိုင် စုပေါင်းလယ်ယာစိုက်ပျိုးရေးစနစ် ကျေးလက်နေပြည်သူများအတွင်း ပျံ့နှံ့စေရန်အတွက် နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ (Mobile Community Development Team) များအား သင်တန်းများပို့ချပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

လပွတ္တာမြို့နယ် အောက်ပြွန်ဝကျေးရွာ၌ FMI ကုမ္ပဏီက ဆောက်လုပ်သည့် Cyclone Shelter အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)

လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး ကြိုတင်ဆောင်ရွက်

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းကွန်ရက်စီမံကိန်းလုပ်ငန်းများ၊ Cyclone Shelter တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၁ရက်က ဖျာပုံမြို့သို့ ရောက်ရှိခဲ့သည်။

ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ခံခဲ့ကြရသည့်ဒေသများ၌ နောင်အခါ သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာပါက အသက်အိုးအိမ် ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် မအူပင်-ရေလဲကလေး-ရွှေတောင်မော်- ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း- သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊ လပွတ္တာ- သင်္ကန်းကြီး-ပြင်စလူလမ်း၊ ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနီလမ်းနှင့် လပွတ္တာ-သုံးခွ- အုတ်တွင်း-ထိပ်စွန်းလမ်း လမ်းကွန်ရက်များကို အင်တိုက်အားတိုက် ဖောက်လုပ်ပေးလျက်ရှိသည်။

ယင်းသို့ဖောက်လုပ်ရာ၌ ဒေသနေပြည်သူများ ကူးလူးဆက်သွယ်သွားလာရုံသာမက နောင်အခါ၌ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ရေလွတ်သက်ကယ်ကုန်းမြင့် Hillock များအဖြစ်လည်းကောင်း၊ အချို့နေရာများ၌ ရေငန်တားတမံကြီးများအဖြစ်လည်းကောင်း ဘက်စုံအကျိုးပြု သွားနိုင်ရန် ရည်ရွယ်တည်ဆောက် ပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖျာပုံ-ဒေါ်ညိမ်း-အမာလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဖျာပုံမြို့နယ် အမာမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်များဆောက်လုပ်ပြီးစီးမှုကို စစ်ဆေးခဲ့ပြီး စက်မှုလက်မှုအထက်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးကိုလည်း မှာကြားခဲ့ပေသည်။

ယင်းနေ့၌ပင် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာသို့ရောက်ရှိပြီး ရေလွတ်သက်ကယ်ကုန်းမြင့် Hillock တည်ဆောက်နေမှုနှင့် သောက်ရေကန် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ လမ်းကွန်ရက်များ ဆက်သွယ်ဖောက်လုပ်မှု၊ ကျောင်းဆောင်များတည်ဆောက်မှု၊ Cyclone Shelter များ အဓိကထားတည်ဆောက်မှု၊ ရေလွတ်သက်ကယ်ကုန်းမြင့် Hillock တည်ဆောက်မှု များကို နိုင်ငံတော်အစိုးရ၊ ကုမ္ပဏီများ၊ စေတနာရှင်များက အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ပေးမှုကြောင့် လုပ်ငန်းများတိုးတက်လျက်ရှိသည်။

သို့ဖြစ်ပေရာ ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လမ်းကွန်ရက်စီမံကိန်းများ တည်ဆောက်မှုလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်ဆုံးရှုံးမှုများကာကွယ်နိုင်ရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများကပါ အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်း လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကွန်ပျူတာတက္ကသိုလ် ကြက်ခြေနီအသင်း ပထမအကြိမ် စုပေါင်းသွေးလှူဒါန်း

မြစ်ကြီးနား ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီမှကြီးမှူး၍ ကွန်ပျူတာတက္ကသိုလ် ကြက်ခြေနီအသင်းမှ စေတနာသွေးလှူရှင်များ ပထမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီး သွေးလှူဘဏ်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များ၊ ကချင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ပြည်နယ်ဦးစီးမှူး (ပထမတန်း) ဦးဂဲနက်စ်နှင့်တပ်ဖွဲ့ဝင်များ၊ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာခင်တင်နှင့် တာဝန်ရှိဆရာဝန်များ၊ သွေးလှူဘဏ်မှ အထူးကုဆရာဝန်(ရောဂါဗေဒ) ဒေါက်တာခင်မြမွန်နှင့် တာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသီရိသစ္စာခိုင်နှင့် ကော်မတီဝင်များ၊ ဆရာ ဆရာမများ တက်ရောက်အားပေး ကြည့်ရှုကြသည်။

အာဟာရဒါနလှူဒါန်း

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာသီရိသစ္စာခိုင်နှင့် ကြက်ခြေနီအသင်းဝင် စေတနာသွေးလှူရှင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅ဦးက သွေးလှူဒါန်းကြပြီး ရွှေညောင်ပင်ရပ်ကွက်မှ အလှူရှင် ဦးမတူးနှင့် ဒေါ်အားရီ မိသားစုတို့က အာဟာရဒါန လှူဒါန်းကြောင်း သိရသည်။ (ဝ၀၃)

ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ အထူးဈေးရောင်းပွဲတော် ကျင်းပ

ရွှေတောင် ဖေဖော်ဝါရီ ၂၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင် စက်ရုံပရိဝုဏ်အတွင်း ကျင်းပသော အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၇ရက် နံနက် ၈နာရီက စက်ရုံပရိဝုဏ်အတွင်း ကျင်းပရာ ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ စက်ရုံမှူး ဦးဇော်ဝင်းမောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ဧည့်သည်တော် များက အထူးဈေးရောင်းပွဲတော်အတွင်းရှိ ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှု အားပေး ဝယ်ယူခဲ့ကြသည်။

ရောင်းချပေးမည်

ယခုအထူးဈေးရောင်းပွဲတော်တွင် မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့အထွေထွေ နှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း တို့မှ ထုတ်လုပ်သည့်ပစ္စည်းများကို ဖေဖော်ဝါရီ ၂၄ ရက်အထိ နေ့စဉ် နံနက် ၇နာရီမှ ၁၁နာရီခွဲအတွင်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ (စက်မှု-၁)

မြဝတီရုပ်မြင်သံကြား

၂၄-၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄း၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၀ ၈။ ရှင်သန်ခြင်း
- ၅း၂၀ ၉။ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(သင်္ချာ အပိုင်း-က)
- ၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၅။ ကလေးတို့ကမ္ဘာ ပျော်ရွှင်စရာ
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၂၅)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ မွေးမြူသုတ
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၄၀) ဇာတ်သိမ်းပိုင်း

ဒေးဒရဲနှင့် ဖျာပုံမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် နံနက်၈နာရီက ဒေးဒရဲမြို့နယ် သောကြာကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိရာ မြနန္ဒာကုမ္ပဏီမှ လုပ်ငန်း တာဝန်ခံက မုန်တိုင်းဒဏ်ခံအဆောက်အအုံအတွက် မြေနေရာရွေးချယ်ထားမှုနှင့် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာကြီးက သဘာဝဘေးကြောင့် ပျက်စီးသွားသော ကျောင်းအဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နေမှုနှင့် ပညာရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု **(အပေါ်ပုံ)**၊ Cyclone Shelter တည်ဆောက်မည့်နေရာနှင့် ကျေးရွာ သန့်ရှင်း သာယာလှပ ဖွံ့ဖြိုးတိုးတက်နေမှု များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ကျေးလက်ကျန်းမာရေး ဌာနသို့ရောက်ရှိရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့်တာဝန်ရှိသူများက ကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ဒေသတွင်းကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်ကိုကိုသည် ရေယာဉ်ဖြင့် ဒေသခံများ၏ ရေလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေမှုနှင့် ဒီရေကာကွယ်တောများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် ဖျာပုံမြို့သို့ ရောက်ရှိပြီး ဒဂုန်အင်တာ နေရှင်နယ်လီမိတက်က ဆောက်လုပ်သည့် တိုးချဲ့ ခုတင် (၂၀၀)ဆံ့ ဆေးရုံ၌ တိုးချဲ့ ဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးကာ ဖျာပုံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားပြီး လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် အပ်ချုပ်စက်တို့ကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

24-2 (02).pmd 1 2/24/2009, 2:25 AM

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ယနေ့နံနက် ၆ နာရီတွင် သုဝဏ္ဏအားကစားကွင်းရှေ့၌ ကျင်းပသော ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် စက်ဘီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သေနတ်ပစ်ဖောက် ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ စက်ဘီးစီး အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးက သေနတ်ပစ်ဖောက်ကာ တာလွှတ်ပေးသည်။ **(အပေါ်ပုံ)**

ပန်းဝင်မည်

အဆိုပါ ပြိုင်ပွဲသို့ အားကစားသမား ၆၆ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဖေဖော်ဝါရီ ၂၃ရက် ရန်ကုန်မှ ကျိုက်ထို၊ ဖေဖော်ဝါရီ ၂၄ရက် ကျိုက်ထိုမှ မော်လမြိုင်၊ ဖေဖော်ဝါရီ ၂၅ ရက် မော်လမြိုင်မှ ကျိုက်ထို၊ ဖေဖော်ဝါရီ ၂၆ရက်တွင် ကျိုက်ထိုမှ ရန်ကုန်မြို့ ထောက်ကြန့် ယာဉ်ဖြတ်သန်းခ ကောက်ခံစခန်းအနီးတွင် ပန်းဝင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးရှောင် မလောင်ခင်တား

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၃ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်တိုင်း၌ နေ့အပူချိန်ကို ၃၇ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်း

*** ကျောဖုံးမှ**

တွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ကိတ်ဝင်းစလက်က ရရှိခဲ့သည်။ ကိတ်ဝင်းစလက်သည် မကြာမီက အကောင်းဆုံး သရုပ်ဆောင် အမျိုးသမီး ရွှေကမ္ဘာလုံးဆုကိုလည်း ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

ထို့အပြင် အကောင်းဆုံး အမျိုးသားဇာတ်ပို့ အော်စကာဆုကို "The Dark

အကောင်းဆုံး ဒါရိုက်တာဆုရ ဒင်နီဘွိုင်လီ။

Knight" ရုပ်ရှင်ဇာတ်ကားမှ Heath Ledger ကလည်းကောင်း၊ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့သရုပ်ဆောင် အော်စကာဆုကို "Vicky Cristina Barcelona" ရုပ်ရှင်ဇာတ်ကားမှ Penelope Cruz ကလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

၂၄ ဆု

တစ်ဖန် အကောင်းဆုံး နိုင်ငံခြားစကားပြော ရုပ်ရှင်အော်စကာဆုအတွက် ဂျပန်ရုပ်ရှင်ဇာတ်ကား "Departures"၊ အကောင်းဆုံး အသံတည်းဖြတ်မှု အော်စကာဆုအတွက် "The Dark Knight" ရုပ်ရှင် ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံး ဖလင်တည်းဖြတ်မှုဆိုင်ရာ အော်စကာဆု အတွက် "Slumdog Millionaire" ရုပ်ရှင်ဇာတ်ကားက လည်းကောင်းဆွတ်ခူးရရှိခဲ့ရာ စုစုပေါင်း အော်စကာဆု ၂၄ ဆု ဖြစ်သည်။

မှတ်တိုင်စိုက်ထူ

ထိုအော်စကာဆုများအနက် ဗြိတိသျှရုပ်ရှင်ဖြစ်သည့် "Slumdog Millionaire" ရုပ်ရှင်ဇာတ်ကားသည် အကောင်းဆုံး အော်စကာဆု ရှစ်ဆုကို သိမ်းကျုံးရယူသွားနိုင်ခဲ့သော ရုပ်ရှင်ဇာတ်ကားဖြစ်သည်။ ယင်းရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သည့် အကောင်းဆုံး ဒါရိုက်တာ အော်စကာဆုရရှိခဲ့သော ဒင်နီဘွိုင်လီက "မိမိ အသက် ၅၂နှစ်အရွယ် ၌ အမြင့်ဆုံး အနုပညာ မှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီ" ဟု ပြောကြားခဲ့သည်။

ထို့အတူ အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင် အော်စကာဆု ရရှိခဲ့သည့် ကိတ်ဝင်းစလက်ကလည်း "ရုပ်ရှင်အနုပညာ သက်တမ်းတစ်လျှောက် ဂုဏ်ယူဝမ်းမြောက်စရာ အကောင်းဆုံးနေ့ဖြစ်ပါကြောင်း" ပြောကြားသွားခဲ့သည်။

(အင်တာနက်)

အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆု ပင်နီလုပ်ခရုဇ်၏ ကြည်နူးမှု။

မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ နန့်စန်မြို့တွင် ၀ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဖေဖော်ဝါရီ ၂၄ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ရုပ်မြင်သံကြား

၂၄-၂-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၃၀ ၈။ International News
၈:၄၅ ၉။ **မနိုင်သောအရှုံး** ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်၊ အရိုင်း၊ ဖိုးဖြူ၊ ကင်းကောင် (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အကပြိုင်ပွဲ
၄:၃၀ ၄။ ဂီတသံစဉ်အလှဆင်
၄:၅၀ ၅။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သင်္ချာဘာသာရပ်) (အပိုင်း-က)
၅:၀၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၇။ **ရိုးသားစွာကြိုးစားပါ** ထွန်းထွန်းဝင်း၊ မြင့်မြင့်ခိုင်၊ ဟိန်းထက်ဇော်(ခ)ကာယော့၊ ဦးယ၊ ဦးစောနိုင်(ရှမ်းပြည်)၊ ဦးရဲစိန်၊ ကြည်စိုး(IC)၊ ဒေါ်အိအိစိုး၊ ဒေါ်သဲနုခိုင် [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
၅:၄၅ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၂။ ဆိုလိုက်ကြစို့
၇:၂၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှဲ့ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၁၅)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နလုံးသားပိုင်ရှင်** (အပိုင်း-၃၀)

● **ကျောဖုံးမှ**

အဆိုပါဧည့်ခံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့သည် ညနေ၆နာရီ၄၅မိနစ်တွင် ဧည့်ခံပွဲကျင်းပရာ ချက်ထရီယမ်ဟိုတယ်သို့ ရောက်ရှိလာကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး Colonel Alexander V-SVINTSOVSKIY နှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ရင်းရင်း နှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံစစ်သံမှူး Colonel Alexander V-SVINTSOVSKIY တို့သည် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၉ ရက်(အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **မူလနှစ်ဖြာလက်ာရှင်း(၁)** တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၇:၄၀-၁:၄၀ ဝါယာသာစည် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ဇီးတော စံပြကျေးရွာ
၈:၀၀-၂:၀၀ တေးဂီတအစီအစဉ်
၈:၁၀-၂:၁၀ Sunday Talk
၉:၀၀-၃:၀၀ ဝသုန္ဓြေမြေသိကြားစေ စကားဝါမြေမှ ကောင်းမှုသက်သေ
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ Activities in the City (စာရေးဆရာမြသန်းစံ၏ စာအုပ်သစ်လက်မှတ်ရေးထိုးပွဲ၊ Sony Bravia နည်းပညာ သစ်ပြပွဲ)
၁၀:၀၀-၄:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀-၄:၁၀ ဆန်းသစ်အလှတိုးရွှေချည်ထိုး
၁၀:၃၀-၄:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅ မိုးလေဝသခန့်မှန်းချက်
၁၀:၄၀-၄:၄၀ ဟန်ကျတဲ့စံပြ စိုက်ပျိုးရေး အထူးဇုန်
၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅ Study Guide (OESC Training Centre)
၁၁:၃၀-၅:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀ ခါးနာရောဂါ အကြောင်းသိကောင်းစရာ (အပိုင်း-၁) (ပါမောက္ခဒေါက်တာနေဝင်း)
၁၂:၀၅-၆:၀၅ ယှဉ်ပြိုင်ရွေးချယ် ရေသူမအလှမယ်
၁၂:၂၅-၆:၂၅ Music Gallery (တေးသံရှင်ရဲ့ တေးလက်ဆောင်-စည်သူလွင်)
၁၂:၄၅-၆:၄၅ နောက်မကျရအောင် မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions Leagues ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Inter Milan-Man Utd	ESPN (Live)
	Arsenal-Roma	Star Sports (Live)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

"Wifi စနစ်ပါသောဖုန်း၊ လက်တော့ပ်များဖြင့် ဟိုတယ်နှင့်စားသောက်ဆိုင်ကြီးအချို့တွင် အင်တာနက်လွတ်လပ်စွာ အသုံးပြုနိုင်" သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ်(၆၆)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ထုတ်ဝေဖြန့်ချိ

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် ဝင်းသူဇာအရောင်းဆိုင်များ ငှားရမ်းလုပ်ကိုင်ရာတွင် သုံးလ အခမဲ့လုပ်ကိုင်ခွင့်ပြု၊ သစ်ခွမှဆေးဝါး ထုတ်လုပ်ရန် သုတေသနပြုလျက်ရှိ၊ အာဆီယံ ယူ-၁၆ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ရန်ကုန်မြို့ တွင်ကျင်းပမည်၊ ကျောက်စိမ်းထွက်ဒေသသို့ ကမ္ဘာလှည့် ခရီးသွားများလည်းပတ်ကြည့်ရှုနိုင်၊ ဝက်ကောင်ရေ ၁၂၅၀၀၀ ဝယ်ယူရန် အိန္ဒိယ စာချုပ်ချုပ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်ရေးတွင် တိုက်ရိုက်ဘဏ်စနစ် ဖွင့်လှစ်ဆောင်ရွက်မည်၊ အအေးခန်းကွန်တိန်နာအတွင်း အသက်ရှူကျပ် သေဆုံးသူများအတွက် ထိုင်းကုမ္ပဏီက လျော်ကြေးပေးခဲ့၊ မရွေ့ပြောင်းနိုင်သည့် ပစ္စည်းအပေါင်ထား၍ နို့စားနွားတစ်ကောင်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ငွေထုတ်ချေးလျက်ရှိ၊ ဥရောပဈေးကွက်များကို အားထားနေ၊ နိုင်ငံခြားသွားသင်္ဘောသား အသက်အာမခံထားခြင်း၊ ဟိုးလေးတကျော်ဖြစ်သွားသော မလေးရှားလိုင် အရုပ်တော်ပုံ၊ စံချိန်မမီသော ထုတ်ကုန်များနဲ့ မသမာသည့်စားသောက်ကုန်များ ဈေးကွက်အတွင်းများနေ၊ ဆူးလေဘုရားလမ်းမှ လူကူးမျဉ်းကျား အသုံးပြုခွင့်မပေးတော့ တော်ဝင်တံတားမှ ဖြတ်သန်းရမည်၊ ပါမောက္ခဒေါက်တာ မြသိန်းဟန်၏ သိကောင်းစရာဦးနှောက်ကင်ဆာ၊ အစ္စရေးနှင့် အမေရိကန်ထောက်လှမ်းရေးဌာနများက အီရန်နျူအစီအစဉ်များအား လျှို့ဝှက် လုပ်ကြံလျက်ရှိဟုဆို၊ အစ္စရေးလေယာဉ်များကိုပစ်ချမည်ဟု ဟစ်ဇ်ဘိုလာခြိမ်းခြောက်စသည့်နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

ဆိုမာလီ ဝန်ကြီးချုပ်သစ်အိုမာ အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်ပြီ

မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၂၃

ဆိုမာလီဝန်ကြီးချုပ်သစ် အိုမာအက်ဒါရှစ်ရှားမားကေ ဖေဖော်ဝါရီ ၂၀ရက်တွင် အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။ အမျိုးသားညီညွတ်ရေး အစိုးရသစ်တွင် ထိပ်တန်းအစ္စလမ္မစ်ခေါင်းဆောင် အဗ္ဗဒူကာဒါအလီအိုမာအား ပြည်ထဲရေးဝန်ကြီးအဖြစ် ခန့်ထားကြောင်း မိုဂါဒစ်ရှူးသို့ ရောက်ရှိလာမည့် သတင်းအရ သိရသည်။

လွှတ်တင်

အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၃၅ဦးမက ပါဝင်သည်။ အစိုးရအဖွဲ့သစ်က ဖေဖော်ဝါရီ ၂၁ရက်တွင် ကျမ်းသစ္စာကျိန်ဆိုကာ ရာထူးလက်ခံခဲ့သည်။ ဂျီဘူတီမြို့၌ လောလောဆယ် ဆိုမာလီပါလီမန် အစည်းအဝေးကျင်းပသည်။ နောက်ပိုင်းတွင် အစိုးရအဖွဲ့သည် မိုဂါဒစ်ရှူးမြို့တော်သို့ ပြောင်းရွှေ့ရုံးထိုင်မည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်တပ်ဖွဲ့ဝင်များ စစ်သွေးဆာလောင်နေ မြောက်ကိုရီးယားသတင်းစာ၌ ရေးသားဖော်ပြ

ဆိုးလ် ဖေဖော်ဝါရီ ၂၃

စစ်သွေးဆာလောင်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို နောက်ထပ်ကိုရီးယား စစ်ပွဲဆင်နွှဲရန် ဆက်လက်ခွင့်ပြုထားလျှင် ကိုရီးယားကျွန်းဆွယ်၏ အခြေအနေမှာ မခန့်မှန်းနိုင်လောက်အောင် ဆိုးရွားသောအဆင့်သို့ ရောက်ရှိသွားနိုင်ပြီး နောက်ဆက်တွဲဖြစ်ရပ်များအတွက် အမေရိကန်က တာဝန်ယူရလိမ့်မည်ဟု မြောက်ကိုရီးယားအစိုးရသတင်းစာ ရိုဒွန်ရှင်ဂန်းက ဖေဖော်ဝါရီ ၂၁ရက်တွင် ဖော်ပြလိုက်သည်။

ထို့အပြင် တောင်ကိုရီးယားသမ္မတ အီမြောင်ဘက်အား သစ္စာဖောက်တစ်ဦးအဖြစ် သတင်းစာက စွပ်စွဲဖော်ပြလိုက်သည်။

လွှတ်တင်

မြောက်ကိုရီးယားအနေဖြင့် တောင်ကိုရီးယားကို ဆက်လက်စော်ကား ရန်စနေလျှင် အမေရိကန်နှင့်မြောက်ကိုရီးယား ဆက်ဆံရေး တိုးတက်နိုင်မည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က သတိပေးပြီးနောက် တစ်ရက်တွင် မြောက်ကိုရီးယားသတင်းစာက အထက်ပါအတိုင်း ရေးသားလိုက်ခြင်းဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

လေကြောင်းနှင့် အာကာသဆိုင်ရာ ထုတ်ကုန်ပြပွဲ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်တွင် ပြုလုပ်သော လေကြောင်းနှင့် အာကာသဆိုင်ရာ ထုတ်ကုန်ပြပွဲ၌ တရုတ်နိုင်ငံ လုပ် လေယာဉ်များ၏ ပုံစံငယ်ကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကာကွယ်ရေးဆိုင်ရာပြပွဲ

အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့၌ကျင်းပသည့် နိုင်ငံတကာ ကာကွယ်ရေးဆိုင်ရာ ပြပွဲတစ်ရပ်၏ ပြခန်းတစ်နေရာကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဗြိတိန်၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျ လေယာဉ်မှူး သေဆုံး

လန်ဒန် ဖေဖော်ဝါရီ ၂၃

လင်ကွန်ရှိုင်းယားဒေသရှိ ဖန်လန် လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းနံဘေးတွင် တစ်ယောက်စီးလေယာဉ်ငယ်တစ်စင်း ပျက်ကျသွားခဲ့ပြီးနောက် စီးနင်းလိုက်ပါလာသူ အသက် ၅၀ အရွယ် လေယာဉ်မှူး အမျိုးသား သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ၂၂ရက်တွင် ပြောကြားသည်။

ပြောကြား

အဆိုပါလေယာဉ်ပျက်ကျမှုနှင့် ပတ်သက်၍ သံသယမကင်းစရာ မရှိသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်မှလည်း ပါဝင်ပတ်သက်မှု မရှိဟု လင်ကွန်ရှိုင်းယား ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ် အမျိုးသမီးတစ်ဦး ကြက်ငှက်တုပ်ကွေး ရောဂါဖြင့်သေဆုံး

ကွမ်ငေး ဖေဖော်ဝါရီ ၂၃

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ကူးစက်ပြီး အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးကြောင်း ဆရာဝန်တစ်ဦးက ဖေဖော်ဝါရီ၂၂ရက်၌ ပြောကြားသည်။

ဖြစ်ပွား

အဆိုပါအမျိုးသမီးမှာ ဟန္ဒိုင်းမြို့တော် အရှေ့ဘက် မိုင် ၉၀ ခန့်အကွာ ကွမ်ငေးမြို့ပြည်နယ်ဆေးရုံ၌ ဖေဖော်ဝါရီ ၂၁ ရက်က သေဆုံးသွားခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံ ပြည်နယ် ၁၀ခုမက ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားသည်ဟု သတင်းရရှိသည်။

အမ်အင်န်အေ၊ရိုက်တာ

အမေရိကန် လွန်းပြန်ယာဉ် လွှတ်တင်မည့်ရက် ထပ်မံရွှေ့ဆိုင်း

ကိတ်ကာနေဗာရယ် ဖေဖော်ဝါရီ ၂၃

အမေရိကန်နိုင်ငံ၏ ယခုနှစ်အတွင်း ပထမဆုံးသော အာကာသလွန်းပြန်ယာဉ် လွှတ်တင်ရေးမှာ လောင်စာဖိအားညှိရေး အဆို့ရှင်များနှင့်ပတ်သက်၍ စိတ်မချနိုင်သေးသည့်အတွက် နာဆာအဖွဲ့က ဖေဖော်ဝါရီ ၂၂ ရက်တွင် စတုတ္ထအကြိမ် ထပ်မံရွှေ့ဆိုင်းလိုက်သည်။

လွှတ်တင်

နိုင်ငံတကာအာကာသစခန်းသို့ ၁၄ရက်ကြာ ခရီးစဉ်အတွက် ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ကို ဖေဖော်ဝါရီ ၂၇ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာဖဂန်၌ နေတိုးတပ်ဖွဲ့ဝင် သုံးဦး သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသတွင် နေတိုးဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်သုံးဦး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးကြောင်း ဖေဖော်ဝါရီ၂၃ရက်က ထုတ်ပြန်သည့် သတင်းပြန်တမ်းအရ သိရသည်။

ဖော်ပြ

နေတိုးဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့က ဥရုဂန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၉ ရက်က တိုက်ခိုက်ရေးဆိုင်ရာ ကင်းလှည့်တာဝန်ထမ်းဆောင်နေစဉ်အတွင်း လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရရှိခဲ့ပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်ဟု အဆိုပါပြန်တမ်းတွင် ဖော်ပြသည်။

တာလီဘန်စစ်သွေးကြွများ ခိုအောင်းထကြွသည့် ဒေသများတွင် လုံခြုံရေးခိုင်မာစေရန်အတွက် နယ်သာလန်၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ ဥရုဂန်ပြည်နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည်။

သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တပ်ဖွဲ့ဝင်များနှင့် အရပ်သားများ သေဆုံးခဲ့ရကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်းက ယင်းတိုက်ခိုက်မှုများကြောင့် အရပ်သား ၂၁၀၀ သေဆုံးခဲ့ရကြောင်း သတင်း၌ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်နိုင်ငံ လန်ဒီကိုတယ်ဒေသ၌ စက်သုံးဆီတင်ယာဉ်တစ်စီးကို အကြမ်းဖက်သမားများ၏ အဝေးထိန်းစက်ခလုတ်ဖြင့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောယာဉ်ကို ဖေဖော်ဝါရီ ၂၃ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ကင်ညာနှင့်တူရကီနိုင်ငံ သံတမန် ဆက်ဆံရေးနှင့် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၃

ကင်ညာနိုင်ငံနှင့်တူရကီနှစ်နိုင်ငံ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန်အတွက် သံတမန်ရေးရာ ကိုယ်စားလှယ်များက ဖေဖော်ဝါရီ ၂၂ရက်တွင် နိုင်ရိုဘီမြို့၌ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ သဘောတူလက်မှတ်ရေးထိုးသည်။

ရင်းနှီးမြှုပ်နှံ

ယင်းဆွေးနွေးပွဲသို့ တူရကီနိုင်ငံမှ သမ္မတနှင့်ဝန်ကြီးချုပ်တို့တက်ရောက်ပြီး သံတမန်ဆက်ဆံရေး၊ ကုန်သွယ်စီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးကဏ္ဍတို့ကိုဆွေးနွေးကာ နိုင်ငံ၏အခြေခံအဆောက်အအုံများ၊ အထည်စက်ရုံများ၊ စက်မှုစိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ဆေးဝါးထုတ်လုပ်မှုကဏ္ဍစုံ၌ အကျိုးတူ တိုးမြှင့်ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ကင်ညာနိုင်ငံမှ စိုက်ပျိုးရေးထုတ်ကုန်များကို တူရကီနိုင်ငံသို့ တင်ပို့နိုင်ရေးတို့ကို ထပ်လောင်းပြောကြားသည်။

ဖိတ်ကြား

အရှေ့အလယ်ပိုင်းဒေသ ကင်ညာနိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍများကို ဖိတ်ခေါ်လျက်ရှိကြောင်း တူရကီနိုင်ငံသမ္မတ၏ဖိတ်ကြားချက်ကို သတင်းထောက်များအား ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

တောင်ကြီးမြို့ မြနဒီသီးနှံ အခြောက်ခံစက်ရုံဖွင့်ပွဲ

တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

မြနဒီသီးနှံအခြောက်ခံစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉နာရီက တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာရှိ အဆိုပါ စက်ရုံမုခ်ဦး၌ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် သီးနှံအခြောက်ခံစက်ရုံ အတွင်း ပြောင်းစေ့များအား စက်ယန္တရားများဖြင့် အခြောက်ခံမှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့သည် သနပ်ခါးကျေးရွာ ဖရစ်ရှန်နို့စားနွား မွေးမြူရေးခြံသို့ရောက်ရှိကြပြီး နို့စားနွားမများ စီးပွားဖြစ် မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် တီလော ကျေးရွာအုပ်စု မွေးမြူရေးအထူးဇုန် ယာယီရှင်းလင်း ဆောင်၌ မွေးမြူရေးအထူးဇုန်ဖော်ထုတ်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြည်နယ်အတွင်း မွေးမြူရေးအထူးဇုန် ဖော်ထုတ် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၅ရက်နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးကန်သို့ ရောက်ရှိကြပြီး ရေယာဉ်များဖြင့် အင်းလေးကန် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့်အဖွဲ့သည် တဲယာရွာမအင်းကျေးရွာသို့ရောက်ရှိကြပြီး ကိုယ့်အားကိုယ်ကိုး မြတ်ရွှေအိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြကာ တိုင်းမှူးက စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကိုယ့်အားကိုယ်ကိုး ကျေးရွာ ဒီဂျစ်တယ်တယ်လီဖုန်းရုံးသို့ ရောက်ရှိကြပြီး ကျေးရွာအတွင်း တယ်လီဖုန်းလိုင်းများ သွယ်တန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စိန်သမာဓိ ရွှေ၊ ငွေ ပန်းထိမ်လုပ်ငန်းတို့ကို ကြည့်ရှု စစ်ဆေးသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် တပ်မတော်နည်းပညာနှင့် ကွန်ပျူတာသိပ္ပံ စစ်ရေးပြကွင်း၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲနှင့် စစ်တီးဝိုင်းတပ်စုတို့၏ ပြိုင်ပွဲဝင်မည့်စစ်ရေးပြအစီအစဉ်များကိုကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက အမှာစကားပြောကြားကာ ဂုဏ်ပြုထောက်ပံ့ငွေများနှင့်ဆေးဝါးမျိုးစုံ တို့ကို ထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်တက္ကသိုလ် အခြေခံရှေးဦးပြုစုခြင်းသင်တန်းနှင့် ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မော်လမြိုင်တက္ကသိုလ် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မော်လမြိုင်တက္ကသိုလ် အခြေခံရှေးဦးပြုစုခြင်း သင်တန်းအမှတ်စဉ်(၇/၂၀၀၉)နှင့် ရှေးဦးပြုစုခြင်း သင်တန်းအမှတ်စဉ် (၄/၂၀၀၉)ဆင်းပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် မွန်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးစီးမှူး(ပထမတန်း)ဦးကျော်မြင့် **(အပေါ်ပုံ)**နှင့်မော်လမြိုင်တက္ကသိုလ် တာဝန်ခံပါမောက္ခ ဒေါက်တာဌေးအောင်တို့က အမှာစကားပြောကြားကြပြီး သင်တန်းအောင်လက်မှတ်များကို မော်လမြိုင်တက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးမောင်မောင်မြင့်ကလည်းကောင်း၊ သင်တန်းထူးချွန်ဆုများကို မော်လမြိုင်တက္ကသိုလ် တာဝန်ခံပါမောက္ခ ဒေါက်တာဌေးအောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၃၂ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးပြီး Dynamic Engineering & General Trading Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို ဖေဖော်ဝါရီ ၇ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

မေးမြန်းချက်

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပါမောက္ခဒေါ်ရီရီမြင့်က ပြောင်းလဲနေသော စီးပွားရေးနှင့်ဖြစ်ပေါ်တိုးတက်လာသော ဈေးကွက် အင်အားများကို ရှုမြင်ခြင်း(Reflections on the Transforming Economy and the Developing Market Force)ခေါင်းစဉ်ဖြင့် ဟောပြောပြီး ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဂုဏ်ပြုလက်ဆောင်

ထို့နောက် အသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် Dynamic Engineering & General Trading Co., Ltd. မှ တာဝန်ရှိသူတို့က ပါမောက္ခ ဒေါ်ရီရီမြင့်အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (ဝဲပုံ) **(သတင်းစဉ်)**

သီပေါ၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၃

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက်အကူပြု ဘာသာရပ်ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက သီပေါမြို့ အထက ကျောင်းခန်းမဆောင်၌ကျင်းပရာ မြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်နှင့်မြို့နယ်ပညာရေးမှူး ဦးသန်းဆွေတို့က အမှာစကား ပြောကြားပြီး တက္ကသိုလ်များမှ ပါမောက္ခ၊ ကထိက ဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် ဟောပြောပို့ချကြရာ စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသားကျောင်းသူ ၄၅၀ခန့် တက်ရောက် မှတ်သားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အထက(၅)တာမွေ (ယခင်စိန့်ဖရန့်စစ်ကျောင်း) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ အထက (၅) တာမွေ (ယခင်စိန့်ဖရန့်စစ် ယောက်ျားလေးကျောင်း) တွင် ၁၉၅၈ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသားဟောင်းများက ဒသမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက(၅) တာမွေကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေထည့်ဝင်လိုပါက ကိုသန်းဌေး (မော်ဒန်လက်ဖက်ရည်ဆိုင်) ဖုန်း-၀၉-၅၁-၄၇၁၉၄၊ ကိုကျော်ဟန် ဖုန်း-၅၅၄၆၅၈၊ ကိုတင်ရွှေ(ခ)ကိုဂျင်မီအေး ဖုန်း-၂၂၆၀၇၅၊ ကိုမြင့်သိန်း(မွေ့ရာဆိုင်) ဖုန်း-၀၉-၅၁-၅၁၁၇၉၊ ကိုမြင့်သိန်း(ဓာတ်ပုံ) ဖုန်း-၅၄၀၇၅၈၊ ကိုမောင်မောင်အေး(တိုင်ကီ) ဖုန်း-၀၉-၅၁-၀၄၆၆၀၊ ကိုမြတ်မင်း ဖုန်း-၀၉-၈၀-၂၂၇၉၁၊ ကိုကျူးခေါင် ဖုန်း-၅၃၉၇၇၄၊ ကိုစိုးပိုင်(ပန်းချီရဲမာန်) ဖုန်း-၀၉-၅၀-၆၀၁၀၇၊ ကိုဇော်ထွဋ်နိုင် ဖုန်း-၀၉-၅၀-၈၃၈၅၃၊ ကိုတင်ဝင်း (နေဝန်းနီပရိဘောဂ) ဖုန်း-၀၉-၅၀-၅၆၃၃၅၊ ကိုကျော်ကျော်နိုင် ဖုန်း-၀၉-၅၁-၂၃၀၃၅နှင့် ကိုဝင်းထင်(ခ)ဘိုဘို(ဗီဒီယို) ဖုန်း-၀၉-၅၁-၇၂၃၁၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တောင်ငူမြို့နယ်တွင် ပညာအလင်းတံခါးစာကြည့်တိုက်ဖွင့်

တောင်ငူ ဖေဖော်ဝါရီ ၂၃

ပဲခူးတိုင်း(အရှေ့ပိုင်း) တောင်ငူမြို့တွင် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကောင်းကျေးရွာအုပ်စု မိုးကောင်း-ရွာသစ်ကျေးရွာ ပညာအလင်းတံခါးစာကြည့်တိုက် အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က ပညာအလင်းတံခါးစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခိုင်ခန့်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာအလင်းတံခါးစာကြည့်တိုက်အတွက် ဒေါ်နော်သရီဇာက အလှူငွေ ကျပ်တစ်သိန်း၊ ခရိုင်ဆရာဝန်ကြီးက ဒို့ကျေးရွာစာစောင်တစ်နှစ်စာအတွက် ငွေကျပ် ၄၈၀၀၊ ဦးရဲမြင့်က စာကြည့်တိုက်အတွက် ပရိဘောဂဝယ်ယူရန် ငွေကျပ် ၄၀၀၀၀၊ ဦးညွန့်သိန်းမိသားစုက မြန်မာ့အလင်းသတင်းစာ တစ်နှစ်စာအတွက် ငွေကျပ် ၃၀၀၀၀၊ ဦးစောမောင်ရိုးမိသားစုက ကြေးမုံသတင်းစာတစ်နှစ်စာအတွက် ငွေကျပ် ၃၀၀၀၀၊ ဦးဇော်ဦးမိသားစုက ပင်မငွေပဒေသာပင်အတွက် ငွေကျပ် ၂၀၀၀၀၊ ရပ်ကွက်အသင်းဝင်များက ငွေကျပ်တစ်သိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ စာအုပ်မျိုးစုံ၁၀၀ကိုစာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံတန်ဖိုးမှာ ငွေကျပ် ၁၀သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၂၉)ရပ်ကွက်နေ ဦးချိန်စိုးနှင့် မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စား အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် လက်ထောက် အုပ်ချုပ်ရေးမှူး ဦးသီဟဇော်တို့က လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ညောင်ရွှေမြို့နယ် တီလောကျေးရွာအုပ်စု၌ မွေးမြူရေး အထူးဇုန် ဖော်ထုတ်ဆောင်ရွက်နေ

အင်းလေးကန် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေ

ဒါဂူရှီဇားကြိုးတံတားနှင့် မန်စေကြိုးတံတား ကွဲခိုင်မှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ဖေဖော်ဝါရီ ၁၆ရက် နံနက် ၇နာရီခွဲတွင် ပူတာအိုမြို့နယ် အထက်ဆန်ဂေါင်ကျေးရွာအနီးရှိ ပါတိတ်ချောင်းသို့ရောက်ရှိရာ ပြည်နယ်အင်ဂျင်နီယာမှူးကြီးနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဒေသကြီးကြပ်ရေးမှူးတို့က ပူတာအို-မန်စေခွန်-ဇီယာဒမ်းလမ်းသစ်နှင့် ပူတာအို-ဆန်ဂေါင်-ဇီယာဒမ်းလမ်းဟောင်းအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက်ဗိုလ်ချုပ်အုန်းမြင့်က နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ လမ်းသစ်ကိုပွင့်လင်းရာသီအမီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် ဖုန်ကန်ရာဇီအထိ ရောက်ရှိအောင်ဖောက်လုပ်သွားရန် မှာကြားသည်။

တွေ့ဆုံ

ယင်းနောက်ဗိုလ်ချုပ်အုန်းမြင့်သည် အထက်ဆန်ဂေါင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး လက်ဆောင်ပစ္စည်းများပေးအပ်သည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ပါတိတ်ချောင်းမှ ရေအရင်းအမြစ်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ကာ ကျေးရွာမီးလင်းရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အောက်ဆန်ဂေါင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထိုမှတစ်ဆင့်မုံငူရ်ကျေးရွာသို့ရောက်ရှိပြီး အခြေခံပညာ မူလတန်းကျောင်း၌ ဆရာမများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထိန်းသိမ်း

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုမြို့နယ် ဒါဂူရှီဇားကျေးရွာနှင့် နမ့်ဘောင်ကျေးရွာတို့ကိုဆက်သွယ်တည်ဆောက်ထားသည့် အရှည်ပေ ၂၅၀ရှိ ဒါဂူရှီဇားဂျစ်ကားကူးကြိုးတံတားသို့ ရောက်ရှိပြီး ကြိုးတံတား၏ ကွဲခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တံတားရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒါဂူရှီဇားကျေးရွာနှင့် မန်စေကျေးရွာတို့ကိုဆက်သွယ်တည်ဆောက်ထားသည့် မန်စေဂျစ်ကားကူး ကြိုးတံတားသို့ရောက်ရှိပြီး ကြိုးတံတားကွဲခိုင်မှု အခြေအနေနှင့် ချောင်းရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

စပါးကြိတ်စက်

ဆက်လက်၍ ဗိုလ်ချုပ်အုန်းမြင့်သည် ပူတာအိုမြို့နယ် ဟိုခိုရပ်ကွက်ရှိဒေါ်အိုက်ရန်၏ နေအိမ်၌ နမ့်ခမ်းတီချောင်းမှတစ်ဆင့် ရေလွှဲမြောင်းမှ ရေကိုအသုံးပြု၍ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ရပ်ကွက်မီးလင်းရေးဆောင်ရွက်ထားမှု၊ ရေအားလျှပ်စစ်ဖြင့် စပါးကြိတ်စက်နှင့် ဆီကြိတ်စက်များ အသုံးပြုမှုနှင့် ဝက်မွေးမြူထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်အုန်းမြင့်သည် ပန်းလိုင်ရပ်ကွက်နှင့် ဟိုခိုရပ်ကွက်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့်လုံးဆွတ်ချောင်းကူးသစ်သားတံတား ကွဲခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန်စေဂျစ်ကားကူး ကြိုးတံတား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် ပူတာအိုမြို့နယ် ဒါဂူရှီဇားကျေးရွာနှင့် မန်စေကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ထားသည့် မန်စေဂျစ်ကားကူးကြိုးတံတား ကွဲခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ပုသိမ်ကြီးမြို့တွင် ငွေချည်(၆)ချည်မျှင်ရှည်ဝါဝယ်ယူမှုနှင့် ဝင်းသူဇာအရောင်းဆိုင်ခွဲ ရောင်းချမှုအခြေအနေ

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၂၀ရက် နံနက်ပိုင်းက မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း ဝါအဝယ်ဒိုင်သို့ ရောက်ရှိပြီး ငွေချည်(၆)ချည်မျှင်ရှည်ဝါ ဝယ်ယူမှုနှင့် ဝင်းသူဇာအရောင်းဆိုင်ခွဲ ရောင်းချမှုအခြေအနေတို့ကိုလည်းကောင်း၊ မတ္တရာမြို့နယ် လမိုင်းအုပ်စု ကျောက်တံတားကျေးရွာ ဝါအဝယ်ဒိုင်၌ ဝါဝယ်ယူမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် မတ္တရာမြို့၌ စကျင်၊ ဝန်စု၊ တံငါမြောက်၊ရေနံ့သာ၊ မွေဟသ်ာ၊မွေပုံကန်၊ မြေရွှေခဲနှင့် တံငါတောကျေးရွာအုပ်စုများမှ ကျေးရွာပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး စကျင်ရွာနှင့်တံငါမြောက်ရွာလမ်းလုပ်ငန်းအတွက် ငွေကျပ် သိန်း ၁၀၀ကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆောင်ရွက်ရေး

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ကြွေထည်မြေထည် လုပ်ငန်း စကျင်အမှတ်(၂) ကျောက်ပြားစက်ရုံခွဲသို့ ရောက်ရှိပြီး စကျင်ကျောက်ပြားများနှင့် အလှဆင်ကျောက်များ ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ကုန်ထုတ်လုပ်မှုရည်မှန်းချက် အောင်မြင်အောင်ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ပုသိမ်ကြီးမြို့နယ် နန္ဒာတောင်ကျေးရွာ အခြေခံ ပညာမူလတန်းလွန်ကျောင်း၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျေးရွာ ၂၉ရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

အမှာစကားပြောကြား

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မတ္တရာမြို့နယ် စကျင်ကျေးရွာ၌ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (စက်မှု-၁)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

နွားထိုးကြီး၌ ရှေးအသုံးအဆောင်ပစ္စည်းများတွေ့ရှိ

နွားထိုးကြီးမြို့နယ် ဘုရားကြီးရွာအနီးရှိ ဝတီးပျူမြို့ဟောင်းကို ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ဝတီးပျူမြို့ဟောင်းကို အမှတ်(၁)ကုန်း၊ အမှတ်(၂)ကုန်းတွင် စတင်တူးဖော်နေရာ ရှေးဟောင်းအသုံးအဆောင်ပစ္စည်း ၁၀မျိုးကျော်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။ (၀၉၂)

ပေါင်မြို့နယ် မုတ္တမ၌ မြတ်ဆရာပူဇော်

ပေါင်မြို့နယ် မုတ္တမတွင် သက်ပြည့်ပင်စင်ယူသွားသည့် ဆရာကြီးအား ပညာရေးမိသားစုများ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများက နှုတ်ဆက်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၅ရက်က ကျင်းပရာ ပြည်နယ်ပညာရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက လက်အုပ်ချီကန်တော့ကာ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးလှထွန်းက နှုတ်ဆက်စကားပြောကြားသည်။ (၀၁၃)

ဘားအံအမက(၁)၌ ပညာရည်ချွန်ဆုပေးအပ်

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် နံနက် ၁၀နာရီက ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပရာ ပညာရည်ထူးချွန်သူ ကျောင်းသားကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။ (၁၄၄)

သီပေါ၌ ကျေးလက်ဒေသရေရရှိရေး ဆွေးနွေး

သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်မည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေများ အိမ်တိုင်ရာရောက်ရေရရှိရေးနှင့် ရေမီတာများ တပ်ဆင်ရေးညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ရက် နံနက် ၁၀နာရီက ဘော်ကြိုကျေးရွာ ရုံးခန်း၌ကျင်းပရာ ညှိနှိုင်းဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

အသိပညာပေးဟောပြောပွဲ ဝိုင်းမော်၌ကျင်းပ

ဝိုင်းမော်မြို့နယ် ငုယန်ကျေးရွာအုပ်စု အင်ဂျွန်းဘွမ်ခန်းမတွင် ဇန်နဝါရီ ၂၄ရက် နံနက် ၈နာရီက ဒေသတောင်သူ ၁၅၀ကျော်တို့အား အသိပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်စည်ပင်အဖွဲ့အမှုဆောင်အရာရှိ ဦးငွေးလွင်စိုးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စာပေဖတ်ရှုလေ့လာခြင်း အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးကြကြောင်း သိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

မီးဘေးကြိုတင်ကာကွယ်ရေး ကျောက်ကြီး၌ ဆောင်ရွက်

ပဲခူးတိုင်း ကျောက်ကြီးမြို့ စည်ပင်သာယာဈေး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးစီမံချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကိုကိုလေးသည် ဖေဖော်ဝါရီ ၂၀ရက်က ဈေးမှတာဝန်ရှိသူများအား တွေ့ဆုံပြီး ဈေးနှင့်ဈေးဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ရေး၊ စွန့်ပစ်ပစ္စည်းများ သတ်မှတ်နေ့များတွင် မော်တော်ယာဉ်ဖြင့် သယ်ယူဖယ်ရှားရေးဆွေးနွေးမှာကြားသည်။ (၀၄၅)

ဟသ်ာတ၌ သတ္တမအကြိမ် ထမနဲထိုးပြိုင်ပွဲကျင်းပ

ဧရာဝတီတိုင်း ဟသ်ာတမြို့တွင်သတ္တမအကြိမ်ထမနဲထိုးပြိုင်ပွဲကိုဖေဖော်ဝါရီ၈ရက် ညနေ၄နာရီက ဆယ်ထပ်ကြီးဘုရားကွင်းပြင်၌ ကျင်းပရာ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသောအဖွဲ့များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ ***(ခရိုင် ပြန်/ဆက်)***

ဟိုပင်၌ မူကြိုရင်သွေးငယ်များ ကျန်းမာရေးစစ်ဆေး

ဟိုပင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်ထားသည့် နေ့ကလေးထိန်းမူကြိုကျောင်း ရင်သွေးငယ်များအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းကို ဇန်နဝါရီ ၂၂ရက်နံနက် ၁၀နာရီက အဆိုပါနေ့ကလေးထိန်းမူကြိုကျောင်း၌ ကျင်းပရာ ဟိုပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းနှင့် အသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက သွေးစစ်ဆေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့အဝင် လမ်းပြုပြင်ရန် ငွေလှူဒါန်း

ရေစကြိုမြို့ မြို့အဝင်တမာတန်းလမ်းအပိုင်း ကတ္တရာလမ်းတိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းအတွက် ရေစကြိုမြို့ ကံပွင့်အမွေးတိုင်လုပ်ငန်းမိသားစု ဦးအောင်သန်း-သီရိသုမ္မေသိဂီ ဒေါ်ခင်သန်းဦးတို့က အလှူငွေကျပ် ၁၃၄သိန်းပေးအပ်လှူဒါန်းပွဲကို ဒေါ်ဦး ဘိုးဘွားရိပ်သာခန်းမ၌ ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲ၁နာရီက ကျင်းပရာ အလှူရှင်များ လှူဒါန်းငွေကို မြို့မိမြို့ဖ ဦးလှမင်းက လက်ခံယူသည်။ ***(မြို့နယ် ပြန်/ဆက်)***

ကချင်ပြည်နယ် ပူတာအို-မန်စေခွန်-ဇီယာဒမ်း လမ်းသစ်ကို ပွင့်လင်းရာသီအမီ ပြီးစီးအောင်ဆောင်ရွက်သကဲ့သို့ ဖုန်ကန်ရာဇီအထိ ခရီးပေါက်ရန် ဖောက်လုပ်သွားမည်

နိုင်ငံတစ်ဝန်း လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ အကောင်အထည်ဖော် ဆောင်ရွက်ချက်များ

၂၀၀၈ခုနှစ် မတ်၂၃ရက်က ပဲခူးတိုင်း အုတ်တွင်းမြို့နယ်၌ ဖွင့်လှစ်ခဲ့သော စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၃၀ ရှိပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၂၀ ထုတ်ပေးနိုင်သည့် ခပေါင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ဆန့်ကျင်ဘက်အဖွဲ့များက ပြည်သူအား ရိုးရိုးသားသား စည်းရုံးဆောင်ရွက်ခြင်းမပြုဘဲ လျှပ်စစ်မီးနှင့် သောက်သုံးရေကိစ္စကို ခုတုံးလုပ်ပြီး မျက်လှည့်ပြ သွေးထိုးလှုံ့ဆော်ရန် မရိုးမသား ကြိုးပမ်းကြံစည်နေကြသည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံနှင့်ပြည်သူအားလုံးအတွက် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေ ရရှိရေးကို အဘက်ဘက်က အားတက်သရော ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါ ဇယားနှင့် အချက်အလက်များကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည်-

တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၂၃ ခုအနက် အထက်ပေါင်းလောင်း၊ နန်ချို၊ ရဲရွာ၊ ကွန်ချောင်း၊ ဖြူးချောင်း စသည့် စီမံကိန်း ခြောက်ခုမှာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ပြီးစီးမည်။

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၁၉၈၈နောက်ပိုင်း	တိုးတက်မှု
တစ်နိုင်ငံလုံးဓာတ်အားသုံးစွဲယူနစ်	သန်းပေါင်း	၁၅၅၉·၃၀၈	၄၅၀၇·၉၁၆	၂၉၄၈·၆၀၈
အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရေအားလျှပ်စစ်စက်ရုံ	ရုံ	၁၄	၅၀	၃၆
တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်း	ခု	-	၂၃	၂၃
ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့်ဖက်စပ်အကောင်အထည်ဖော်လျက်ရှိသည့်စီမံကိန်း	ခု	-	၁၃	၁၃
ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်စီမံကိန်း	ခု	-	၁၃	၁၃

* ၁၉၈၈ခုနှစ်မတိုင်မီ တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံ ၁၄ရုံအနက် အကြီးစားစက်ရုံအနေဖြင့် ဘီလူးချောင်း-၂ (လောပိတ) နှင့် ကင်းတားစက်ရုံ နှစ်ရုံသာ ပါဝင်သော်လည်း လက်ရှိတည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံ ၅၀အနက် အကြီးစားစက်ရုံ ၁၅ရုံ ပါဝင်သည်။

* တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း၂၃ခုအနက် အထက်ပေါင်းလောင်း၊ နန်ချို၊ ရဲရွာ၊ ကွန်ချောင်း၊ ဖြူးချောင်း စသည့် စီမံကိန်းခြောက်ခုမှာ၂၀၀၉-၂၀၁၀ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ သောက်ရေခပ်-၂ နှင့် အမ်းစီမံကိန်းတို့မှာ ၂၀၁၀-၂၀၁၁ခုနှစ်တွင်လည်းကောင်း၊ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းသည် ၂၀၁၁-၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ အထက်ကျိုင်းတောင်း စီမံကိန်းသည်၂၀၁၂-၂၀၁၃ ခုနှစ်တွင်လည်းကောင်း ပြီးစီးမည်ဖြစ်ပြီး ထိုကာလတွင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ၂၉၉၉ ဒသမ ၅ မဂ္ဂါဝပ် ရှိလာမည်ဖြစ်ပြီး လိုအပ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

* ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း ၁၃ခု ပြီးစီးပါက မဂ္ဂါဝပ် ၂၁၀၀၀ ကျော် ထွက်ရှိမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ယင်းစီမံကိန်း ၁၃ခုမှာ ရွှေလီ-၂၊ ထမံသီ၊ တာဆန်း၊ ဟတ်ကြီး၊ ဧရာဝတီမြစ်ဆုံ၊ ချီဖွေ၊ ချီဖွေငယ်၊ တာပိန်-၁၊ တာပိန်-၂၊ အထက်သံလွင်၊ တနသ်ာရီ၊ ဘီလူးချောင်း-၃ နှင့် စိုင်တင်တို့ဖြစ်သည်။

* ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် စီမံကိန်း၁၃ခု ပြီးစီးပါက မဂ္ဂါဝပ် ၁၁၈၅၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

* ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားများကို ပြည်သူများထံ ဖြန့်ဖြူးပေးနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းစီမံကိန်းများ၊ ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို ပြည်နယ်နှင့်တိုင်းအနှံ့ တည်ဆောက်ဖြန့်ဖြူး ဆောင်ရွက်ပေးလျက်ရှိသည်။ ဝန်ကြီးဌာနလက်အောက်၌ အသေးစားရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၈ရုံရှိပြီး လျှပ်စစ်ဓာတ်အား ၃၅၈၅၉ ဒသမ ၂ ကီလိုဝပ် ထုတ်လုပ်ပေးလျက်ရှိသည်။

ယင်းတို့အနက် မန္တလေးတိုင်းအတွင်း လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးထားမှုများအား အောက်ဖော်ပြပါအချက်အလက်များကို ကြည့်ခြင်းအားဖြင့် ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ပါသည်-

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၁၉၈၈ နောက်ပိုင်း	တိုးတက်မှု
ဓာတ်အားသုံးစွဲယူနစ်	သန်းပေါင်း	၁၈၃·၅၉	၁၀၅၈·၆၁၃	၈၇၅·၀၂၃
မီးသုံးစွဲသူအိမ်ထောင်စုပေါင်း	စု	၈၁၄၂၁	၃၁၁၆၉၆	၂၃၀၂၇၅
ရေအားလျှပ်စစ်စက်ရုံပေါင်း	ရုံ	၁	၃	၂
တည်ဆောက်ဆဲရေအားလျှပ်စစ်စက်ရုံပေါင်း	ရုံ	-	၃	၃

* မန္တလေးတိုင်းအတွင်း ၁၉၈၈ခုနှစ်မတိုင်မီက အကြီးစား စက်ရုံစီမံကိန်းအနေဖြင့် ကင်းတားရေအား လျှပ်စစ်စက်ရုံသာ ရှိခဲ့သော်လည်း ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ဆည်တော်ကြီးစက်ရုံ ၂၅မဂ္ဂါဝပ်နှင့် ပေါင်းလောင်းစက်ရုံ မဂ္ဂါဝပ်၂၈၀ တို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။

* တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများမှာ ရဲရွာရေအားလျှပ်စစ် စီမံကိန်း မဂ္ဂါဝပ် ၇၉၀၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၁၄၀ နှင့် နန်ချိုရေအားလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၄၀ တို့ဖြစ်ပြီး ယင်းစီမံကိန်းများမှ မဂ္ဂါဝပ်စုစုပေါင်း ၉၇၀ ထုတ်လုပ်ရရှိမည်ဖြစ်သည်။

* မန္တလေးတိုင်းအတွင်း ဓာတ်အားဖြန့်ဖြူးမှုအနေဖြင့် ရွှေလီ-မန်စံ-ရွှေစာရံ မဟာဓာတ်အားလိုင်း စီမံကိန်းအပါအဝင် 230 KV မဟာဓာတ်အားလိုင်းရှစ်ခု၊ 132 KV မဟာဓာတ်အားလိုင်းစီမံကိန်းခုနစ်ခု၊ 230 KV ပင်မ ဓာတ်အားခွဲရုံစီမံကိန်းခုနစ်ခု၊ 130 KV ပင်မဓာတ်အားခွဲစီမံကိန်းနှစ်ခု တည်ဆောက်ပြီး ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိသည်။ ။

စာမျက်နှာဖွဲ့စည်းမှု - ဇော်ထွန်းဦး (မြန်မာ့အလင်း)

ရခိုင်ပြည်နယ် သံတွဲမြို့ အရှေ့မြောက်ဘက်၌ ယန္တရားကြီးများဖြင့် အကောင်အထည်ဖော် တည်ဆောက်နေသော သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်မြင်ကွင်း....။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

24-2 (07).pmd 1 2/24/2009, 2:25 AM

✱ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းကွန်ရက်စီမံကိန်းနှင့် လေမုန်တိုင်းအကာအကွယ် အဆောက်အအုံ Cyclone Shelter တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ လပွတ္တာမြို့နယ် ပြင်ခရိုင်သို့ နံနက်၉နာရီတွင် ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မျိုးမြင့်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဦးစားပေးတည်ဆောက်

ထို့နောက် ရှင်းလင်းဆောင်၌ ရွှေသံလွင်ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးကျော်နိုင် က Cyclone Shelter တည်ဆောက်ရန်အတွက် မြေကြီးလုပ်ငန်း၊ ဘိုးပိုင်လုပ်ငန်းနှင့် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က **Cyclone Shelter အဆောက်အအုံ ပြီးစီးရေးကို ဦးစားပေးတည်ဆောက်ရန်နှင့် လာမည့် မိုးကာလမတိုင်မီ ပြီးစီးအောင်ဆောင်ရွက်ရန်** မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကံထူးသာယာရပ်ကွက်အနီး၌ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသည့် Cyclone Shelter အဆောက်အအုံကို ကြည့်ရှုစစ်ဆေးရာ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ နာယက ဒေါ်တင်အေးက လိုက်လံရှင်းလင်းပြသသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကံထူးသာယာရပ်ကွက်သို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ **မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိတို့အိမ်ပတ်ဝန်းကျင်တွင် လေဒဏ်လည်းခံနိုင်၊ အရိပ်လည်းရမည့် စားသုံးသစ်ပင်များ စိုက်ပျိုးကြရန်နှင့် မြေလွတ်များ၌ မီးဖိုချောင်သုံး စားသုံးသီးနှံပင်များ စိုက်ပျိုးကြရန်** မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နေအိမ်များ၌ စားသုံးသီးနှံပင်များ စိုက်ပျိုးထားမှု၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ CDMA တယ်လီဖုန်းတပ်ဆင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လိုအပ်သည်များမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ရွှေသံလွင်ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် အလျားပေ ၇၀၊ အနံပေ၃၀၊ အမြင့်ပေ၃၀ရှိ အာစီနှစ်ထပ်ကျောင်းဆောင်ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဆိုပါကျောင်းဝင်းအတွင်းရှိ ယာယီစာသင်ဆောင်၌ ကျင်းပသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားရာ၌ **ယနေ့ မိမိတို့အဖွဲ့သည် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကွန်ရက်စီမံကိန်းများနှင့် Cyclone Shelter တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိုးမကျမီ ပြီးစီးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။**

မိမိတို့ခရီးစဉ်အတွင်း ယနေ့ ချောင်းဝရွာအခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်အဆောက်အအုံ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အားပေးခြင်းဖြစ်ကြောင်း။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်မြို့ ငါးအောက်ချောင်း တိုင်းငါးလုပ်ငန်းဦးစီးဌာနဝင်းအတွင်းရှိ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးတွင် စိုက်ပျိုးထားသည့် စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေဒဏ်လေဒဏ်

ယနေ့ဖွင့်လှစ်သည့် ကျောင်းဆောင်မှာ အသွင်သဏ္ဌာန်အားဖြင့် ခံ့ညားထည်ဝါမှုရှိသကဲ့သို့ ရေဒဏ်၊ လေဒဏ်ခံနိုင်ရန်အတွက် အမြင့်ပေတိုးမြှင့်ပြီး ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုဖြစ်ကြောင်း။

ထို့အပြင် ပြင်ခရိုင်ဒေသနေ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြစ်သည့် လက်သမား၊ ပန်းရန်၊ တွင်ခုံ၊ စက်ပြင်၊ အီလက်ထရွန်နစ် စသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို စာတွေ့၊ လက်တွေ့ပေါင်းစပ်၍ သင်ကြားပေးမည့် စက်မှုလက်မှုအထက်တန်းကျောင်း ဖွင့်လှစ်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် ဤဒေသနေ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာရပ်များအပြင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရပ်များကိုပါ မိမိတို့ကျေးရွာများမှာပင် လွယ်လင့်တကူ သင်ယူနိုင်ကြမှာဖြစ်ကြောင်း။

လွယ်လင့်တကူ

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ကျေးလက်ဒေသများ၌ တစ်ဆက်တစ်စပ်တည်း လွယ်လင့်တကူ သင်ယူနိုင်စေရအောင် စီစဉ်ဆောင်ရွက်ပေးထားသကဲ့သို့ အဆင့်မြင့်ပညာရပ်များကိုလည်း မိမိတို့ဒေသအသီးသီးမှာပင် တစ်ဆက်တစ်စပ်တည်း သင်ယူနိုင်စေရအောင် စီစဉ် ပေးထားကြောင်း။

အားပေးဆောင်ရွက်

ထို့ကြောင့် ကျောင်းသားမိဘများအနေဖြင့် မိမိတို့သားသမီးများကို ကျောင်းနေ အရွယ်မှာ ကျောင်းနေရေး၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာများကို ဆုံးခန်းတိုင် သင်ကြားနိုင်ရေးကို အားပေးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပညာသင်ယူနိုင်မှု အခွင့်အလမ်းသည် လက်တစ်ကမ်းအကွာတွင်ပင် ရှိနေသည့်အတွက် ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်ရန် ကြိုးပမ်းအားထုတ်ကြရန် မှာကြားလိုကြောင်း။

ဝိုင်းဝန်းထောက်ကူ

ယနေ့ နိုင်ငံတော်အစိုးရက ဖန်တီးဖော်ဆောင်ပေးထားသည့် ပညာသင်ယူမှု အခွင့်အလမ်းကောင်းများကို မိဘများရော၊ သားသမီးများကပါ ရယူနိုင်အောင် အားထည့်ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း၊ ရပ်ရွာဒေသအသီးသီး၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ကိုယ့်ရပ် ကိုယ့်ဒေသရှိ လူငယ်လူရွယ်များ၏ ဘဝတိုးတက်မြင့်မားရေးအတွက် ဝိုင်းဝန်းထောက်ကူ ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် ဆရာ၊ ဆရာမများအပိုင်းကလည်း မိမိတို့တပည့်များကို အတတ်ပညာ တတ်မြောက်ရုံသာမက အကျင့်စာရိတ္တကောင်းမွန်သူများ၊ စည်းကမ်းကို ရိုသေလေးစားလိုက်နာသူများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိသူများ၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်ကျက်ခိုင်မာသူများဖြစ်အောင် ငယ်စဉ်ကပင် လေ့ကျင့်သင်ကြားပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ရွှေသံလွင်ကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးကျော်နိုင်တို့က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ကလှူဒါန်းသည့် ကွန်ပျူတာနှင့် ပရင်တာတစ်စုံကို ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့်ထံ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက စာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများနှင့် အားကစားပစ္စည်းများကို အထက်တန်းပြဆရာ ဦးသက်လွင်ထံ ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနနှင့် ဒေသခံပြည်သူများကိုယ်စား ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျေးဇူးတင်စကား ပြောကြားသည်။

ပြင်စလူမြို့၌ အမှတ်(၁)စက်မှုဝန်ကြီး ဌာနက ဆောက် လုပ် လှူ ဒါန်း သည့် Cyclone Shelter အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နယ်လှည့်ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ အမှတ်(၁)သို့လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုက နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ အမှတ်(၂)သို့လည်းကောင်း လက်ဆောင်ပစ္စည်းများပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ချောင်းဝရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းကို ရဟတ်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာကြရာ လပွတ္တာမြို့နယ် ကုန်းသာယာကျေးရွာသို့ ရောက်ရှိကြပြီး ကုန်းသာယာကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ကုန်းသာယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထိန်နှင့် ရွှေသံလွင်ကုမ္ပဏီ အထွေထွေမန်နေဂျာ ဦးကျော်နိုင်တို့က ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အားကစားပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာကြီး ဦးစိုးမင်းသို့လည်းကောင်း၊ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ကျောင်းသုံးဗလာစာအုပ်များကို ဆရာမတစ်ဦးသို့လည်းကောင်း ပေးအပ်ကြသည်။

ဆောက်လုပ်လှူဒါန်း

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံ ပေ၃၀ ရှိပြီး တိုင်၊ ဒိုင်း၊ မြားတို့ကို သံထည်များဖြင့်တည်ဆောက်ကာ အမှတ်(၂) စက်မှုဝန်ကြီးဌာနက လှူဒါန်းငွေကျပ်သိန်း ၂၇၀နှင့် ကျန်ကုန်ကျငွေများကို ရွှေသံလွင်ကုမ္ပဏီက ထည့်ဝင်လှူဒါန်းပြီး ငွေကျပ်သိန်း ၆၅၀ခန့် အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးလက်နေပြည်သူများ ပူးပေါင်းဖွင့်လှစ်သည့် ကုန်မာပစ္စည်းအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကုန်းသာယာကျေးရွာမှ လပွတ္တာမြို့နယ် အောက်ပွန်ဝကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ရဟတ်ယာဉ်ပေါ်မှ လမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ ဖွံ့ဖြိုးမှုအခြေအနေ၊ နေလှန်းဆားကွင်းများအခြေအနေနှင့် ထိပ်စွန်း-ကျောက်ကလပ်-သင်္ကန်းကုန်း လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အောက်ပွန်ဝကျေးရွာသို့ ရောက်ရှိကြပြီး FMI ကုမ္ပဏီက ဆောက်လုပ်သည့် Cyclone Shelter ကို ကြည့်ရှုစစ်ဆေးကြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာ၌ လိုအပ်လျက်ရှိသော ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အောက်ပွန်ဝကျေးရွာမှ လပွတ္တာမြို့နယ် မန်ကျည်းပင်ကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် လမ်းခရီး၌ သင်္ကန်းကုန်းကျေးရွာအုပ်စု ကွင်းကြီးကျေးရွာ၌ FMI ကုမ္ပဏီက တည်ဆောက်လျက်ရှိသည့် Cyclone Shelter ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ နေလှန်းဆားကွင်းများ အခြေအနေနှင့် သင်္ကန်းကုန်း-သုံးခွ-လပွတ္တာ လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံမေးမြန်း

ထို့နောက် မန်ကျည်းပင်ကျေးရွာသို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ စီးပွားရေး၊ အလုပ်အကိုင်နှင့် ပညာသင်ကြားရေးအခြေအနေများကိုမေးမြန်းပြီး အခြေခံပညာအထက်တန်းကျောင်းခွဲ(မန်ကျည်းပင်)စာသင်ကျောင်းဆောင် ဆောက်လုပ်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)၏ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ရှိန်တို့က လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ၃၉မိုင်တွင် မြေတာပေါင်လုပ်ငန်း ၃၄မိုင် ၄ဖာလုံ ပြီးစီးမှု၊ တံတားလုပ်ငန်းတွင် ပေ ၅၀အောက် ရေပွန်တံတား သုံးခု တည်ဆောက်ပြီးစီးမှု၊ အသက်ကယ်ကုန်းမြင့် Hillock များ တည်ဆောက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရေရှည်တည်တံ့

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က **မိုးမကျမီ မြေမာလမ်းပြီးစီးရေး၊ လမ်းပေါ်ရှိ အကြီးစားတံတားကြီးများမှအပ ကျန်တံတားများ အပြီးတည်ဆောက်အသုံးပြုနိုင်အောင် ဆောင်ရွက်ရေး၊ တံတားတိုင်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန် အင်္ဂတေဖြင့်ဆောင်ရွက်ရေး၊ တံတားများကို သစ်သားတံတား၊ ဘေလီတံတား၊ အာစီတံတားများအဖြစ် လိုအပ်ချက်ပေါ်မူတည်၍ တည်ဆောက်ရေး၊ အသက်ကယ်ကုန်းမြင့် Hillock များ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန်** မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန်ကျည်းပင်ကျေးရွာမှ လပွတ္တာမြို့ သုံးမိုင်စခန်းသို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး လမ်းခရီးရှိ သုံးခွ-လပွတ္တာလမ်းဖောက်လုပ်ပြီးစီးမှုနှင့် သုံးမိုင်တိုးချဲ့မြို့ကွက်သစ်ဖော်ထုတ်ပြီးစီးမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျ

ယင်းနောက် သုံးမိုင်တိုးချဲ့မြို့ကွက်သစ်ဖော်ထုတ်ရေး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က တိုးချဲ့မြို့ကွက်သစ်ဖော်ထုတ်ပြီးစီးမှု၊ သဘော်ဆိပ်ကမ်း၊ အအေးခန်းစက်ရုံနှင့် ဆေးရုံ တည်ဆောက်သွားမည့် အစီအစဉ်၊ ရေ၊ မီးရရှိရေး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က နေအိမ်၊ ဆေးရုံ၊ စက်ရုံများကို မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျတည်ဆောက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သုံးမိုင်တိုးချဲ့မြို့ကွက်သစ်ဖော်ထုတ်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ လပွတ္တာမြို့ ရွှေနဒီခန်းမသို့ရောက်ရှိပြီး ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနက ဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)၌ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသူများ၏ စက်ချုပ်မှုပညာ သင်ယူနေမှု၊ ဇာထိုးပန်းထိုးပညာသင်ယူနေမှုနှင့် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည်များကို ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများကို သင်တန်းတာဝန်ခံသို့လည်းကောင်း၊ လက်ဆောင်ပစ္စည်းများကို နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့နှင့် သင်တန်းသူများသို့လည်းကောင်း ပေးအပ်သည်။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာမြို့နယ် ပြင်ခရိုင် ကံထူးသာယာရပ်ကွက်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြန်လည်ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပုသိမ်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှထွက်ခွာ၍ လပွတ္တာ-သင်္ကန်းကြီး-စလူဆိပ်လမ်းပိုင်းနှင့် တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြင်စလူမြို့နယ် သင်္ကန်းကြီးကျေးရွာအနီးရှိ တံတားစီမံကိန်းအထူးအဖွဲ့ နလင်ကျော်တံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှင်းလင်းဆောင်မှ နလင်ကျော်တံတား တည်ဆောက်နေမှု၊ လပွတ္တာ-သင်္ကန်းကြီး-စလူဆိပ်လမ်း တည်ဆောက်နေမှု၊ ဝါဝါဝင်းကုမ္ပဏီ၏ လူနေအိမ်ရာများ ဆောက်လုပ်နေမှုနှင့် TZTM ကုမ္ပဏီ၏ Cyclone Shelter တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

တံတားတည်ဆောက်မှု

ထို့နောက် အင်ဂျင်နီယာမှူးကြီး ဦးကျော်လွင်က လပွတ္တာ-သင်္ကန်းကြီး လမ်းပိုင်း ၁၈မိုင် ၆ဖာလုံတွင် လမ်းတာပေါင် ၁၇မိုင် ၅ဖာလုံ ပြီးစီးမှု၊ သင်္ကန်းကြီး-စလူဆိပ်လမ်းပိုင်း ၁၀မိုင်တွင် ၈မိုင် ၇½ ဖာလုံ လမ်းတာပေါင်ပြီးစီးမှု၊ စလူဆိပ်-ပြင်စလူလမ်းပိုင်း ၇မိုင် ၂ဖာလုံတွင် မြေကြီးတာပေါင်လုပ်ငန်း ၅မိုင် ၇ဖာလုံပြီးစီးမှု၊ အသက်ကယ်ကုန်းမြင့် Hillock ၁၈ခု တည်ဆောက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တံတားအထူးအဖွဲ့(၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက လပွတ္တာ-သင်္ကန်းကြီး-ပြင်စလူလမ်း မိုင်တိုင်အမှတ် (၁၆/၃)နှင့် (၁၆/၄)ကြားရှိ အရှည်ပေ ၁၅၀၊ အကျယ် ၁၂ပေရှိ နလင်ကျော်တံတား တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က **ဤလမ်း၊ တံတားများရှိနေခြင်းဖြင့် အရေးကြုံလာပါက အချိန်မီရှောင်တိမ်းနိုင်မည့်အပြင် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြား လူမှုရေးလိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် လမ်း၊ တံတားများ၊ အသက်ကယ်ကုန်းမြင့်များ၊ Cyclone Shelter များကို မိုးမကျမီပြီးစီးအောင် ဆောင်ရွက်ကြရန်** မှာကြားသည်။

မော်တော်ယာဉ်များဖြင့်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာ-သင်္ကန်းကြီးလမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး လပွတ္တာမြို့နယ် ဇင်ရွဲလေးကျေးရွာသို့ ရောက်ရှိကာ Cyclone Shelter ရှေ့ကာအဖြစ် သောက်ရေကန်အဖြစ်လည်းကောင်း၊ ရေလွတ်သက်ကယ် ကုန်းမြင့်အဖြစ်လည်းကောင်း တည်ဆောက်ထားသည့် Hillock သို့ ရောက်ရှိပြီး Hillock၊ သောက်ရေကန်နှင့် Cyclone Shelter ဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ ဧရာရွှေဝါကုမ္ပဏီမှ ဒါရိုက်တာ ဦးသောင်းစိန်က ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က **Hillock ဘေးပတ်လည်၌ လေကာပင်၊ အုန်းပင်နှင့် ကွမ်းသီးပင်များ စိုက်ပျိုးရန်နှင့် တောင်ကုန်းတာပေါင်ပေါ်၌ ငှက်ပျောပင်စိုက်ပျိုးရန်** မှာကြားသည်။

မိုးမကျမီ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇင်ရွဲလေးကျေးရွာမှ ရဟတ်ယာဉ်များဖြင့် သင်္ကန်းကြီး-စလူဆိပ်-ပြင်စလူလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြင်စလူမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မက်စ်မြန်မာကုမ္ပဏီက ဆောက်လုပ်နေသော သောက်ရေကန်အဖြစ်လည်းကောင်း၊ Hillock အဖြစ်လည်းကောင်း အသုံးပြုနိုင်သည့် Hillock တည်ဆောက်နေမှုနှင့် Cyclone Shelter တည်ဆောက်မည့် နေရာများကိုလည်းကောင်း၊ အဝေမ်း ဆောက်လုပ်ရေးကုမ္ပဏီက သောက်ရေကန်အဖြစ်လည်းကောင်း၊ Hillock အဖြစ်လည်းကောင်း အသုံးပြုနိုင်သည့် Hillock တည်ဆောက်မှုနှင့် Cyclone Shelter တည်ဆောက်မည့်နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး Hillock နှင့် Cyclone Shelter များကို လာမည့်မိုးမကျမီ အပြီးတည်ဆောက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် အမှတ်(၁) စက်မှုဝန်ကြီးဌာနက ဆောက်လုပ်လှူဒါန်းသည့် (၂၄ပေ×၁၆ပေ)ရှိ Cyclone Shelter အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်က ပြင်စလူ မြို့ပြစည်ပင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းခရီးတစ်လျှောက် ပြင်စလူ-ကွင်းပေါက်-ပိုးလောင်း-လှိုင်းဘုန်းလမ်း ဖောက်လုပ်ပြီးစီးမှု၊ တံတားများ တည်ဆောက်ပြီးစီးမှု၊ Hillock နှင့် Cyclone Shelter များ တည်ဆောက် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

တစ်ဆက်တစ်စပ်တည်း

ထို့နောက် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က **တာဝန်ရှိသူများအား လမ်းများဖောက်လုပ်ရာတွင် လမ်းဖြစ်မြောင်းဖြစ် တစ်ဆက်တစ်စပ်တည်းဖောက်လုပ်ရန်၊ ဖောက်လုပ်ပြီးမြောင်းတွင် မိုးရေသိုလှောင်ပြီး စိုက်ပျိုးရေးတွက် အသုံးပြုရန်၊ ရေငန်ဝင်ရောက်သည့်နေရာများတွင် ရေငန် မဝင်ရောက်နိုင်ရေး တာပိတ်ရန်** မှာကြားသည်။

ယင်းနောက် မော်လမြိုင်ကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဧရာခန်းမ၌ ဖွင့်လှစ်ထားသည့် အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁)တွင် တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသူများ၏ စက်ချုပ်ပညာ သင်ကြားနေမှုနှင့် မြန်မာမုန့်မျိုးစုံပြုလုပ်မှု ပညာသင်ကြားနေမှုများ၊ သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ထောက်ပံ့ငွေများကို သင်တန်းတာဝန်ခံနှင့် သင်တန်းသူများသို့လည်းကောင်း၊ လက်ဆောင်ပစ္စည်းများကို နယ်လှည့် ကျေးလက်ဖွံ့ဖြိုးရေးပညာပေးအဖွဲ့ အမှတ်(၁)နှင့် အမှတ်(၂)တို့သို့လည်းကောင်း ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များစုပေါင်းလှူဒါန်းသည့် အပ်ချုပ်စက် ၃၁လုံးကို အလှူရှင်များက သင်တန်းတာဝန်ခံနှင့် သင်တန်းသူများထံ ပေးအပ်ကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့ ဈေးကြီးအနီး မော်လမြိုင်ကျွန်းမြို့ တိုးချဲ့မည့်နေရာရှိ ဌာနဆိုင်ရာနှင့် လူနေအိမ်များ တိုးချဲ့ရေးလုပ်ငန်းနေရာသို့ ရောက်ရှိကြရာ မြို့နယ်ခန်းမနှင့် ဌာနဆိုင်ရာများ၊ လူနေအိမ်များ နေရာချထားပေးမှု အစီအစဉ်နှင့်စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားစီမံကိန်းအထူးအဖွဲ့(၁)၏ ရာဇူဒိုင်တံတား တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားအရှည်ပေ၅၄၀၊ ပင်မတံတား ပေ၃၀၀၊ မော်လမြိုင်ကျွန်းဘက်ကမ်း၌ ချဉ်းကပ်တံတားပေ၁၂၀၊ ကျိုက်ပိဘက်ကမ်း၌ ချဉ်းကပ်တံတားပေ၁၂၀၊ ယာဉ်သွားလမ်း အကျယ် ၁၈ပေနှင့် လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီ ပါရှိမည့် ရာဇူဒိုင်တံတား တည်ဆောက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်း၊တံတားစီမံကိန်းလုပ်ငန်းများကို လမ်းပြီး၊ တံတားပြီး တစ်ဆက်တစ်စပ်တည်း အသုံးပြုနိုင်အောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၃ရက်က (၂၅)နှစ်မြောက် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှိခံပွဲသို့ တက်ရောက်လာသော ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Pengiran Husaini Alauddin နှင့် ဇနီးတို့ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြောင်းလဲတိုးတက်လာသော ဧရာဝတီတိုင်း၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ချောင်းဝ၊ ပြင်ခရိုင်၊ ကျောက်ကလပ်၊ ကုန်းသာယာသို့တစ်ခေါက်

သတင်းဆောင်းပါး-မောင်လှသိန်း(သုရဲသမိန်)

ဧရာဝတီတိုင်းမှာ အလွန်ရှားပါးထူးခြားလှပသော ကျောက်ကလပ်ထိပ်စွန်းဖြင့် သဘာဝအလှပြာလဲ့လဲ့ကောင်းကင်နှင့် စိမ်းဖန့်ဖန့်ပင်လယ်ပြင်အစပ်မှ လွမ်းမောသာယာဖွယ်ရာ ကုန်းသာယာရွာ၏ ရှုမငြီးနိုင်သည့်ရှုခင်း၊ မီးပင်လယ်ပြင်အောက်မှ လူ့ပ်ရှားရုန်းကန်နိုးထလာသော ဒေသခံပြည်သူများ၏ ရိုးသားဖော်ရွေ ပွင့်လင်းသည့် မျက်ဝန်းနှင့်အတူ ရှင်သန်နေသော နှလုံးသား ရေစီးသံသည် မိုးထဲလေထဲ ရေတွေနှင့် သည်မြေမှာရှိသော ပြည်သူများကို တစ်ကျော့ထပ်မံပြန်လည်ဆုံစည်းရဦးမှာပါလား····

ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်း ကျောက်ကလပ်ဒေသကို သွားရမည်ဟု သိရသောအခါ ရင်ထဲမှာ အလိုလိုပျော်နေမိသည်။ ယခင် နာဂစ်မုန်တိုင်းအပြီး ပြန်လည်တည်ဆောက်ရေးကာလက အလွန်နီးကပ်စွာ အကျွမ်းဝင်ခဲ့သော မိတ်ဆွေများကို ပြန်လည်တွေ့ချင်နေမိသည်။ သို့နှင့်ပင် ကျွန်တော်တို့အဖွဲ့သည် ပြင်ဆင်စရာရှိသည်များပြင်ဆင်ပြီး ရန်ကုန်မှ ၂၂-၁-၂၀၀၉ရက် ည ၉း၄၅ နာရီ ကားများဖြင့် စတင်ထွက်ခွာခဲ့ရာ ၂၃-၁-၂၀၀၉ ရက် နံနက်၁နာရီ ၄၅မိနစ်တွင် ပုသိမ်မြို့သို့ ရောက်သည်။

ပုသိမ်မြို့ရဲ့ညက တစ်မျိုးလှပလို့ပင်နေသည်။ မြွေကြီးတစ်ကောင်အလား ပုသိမ်မြို့ကမ်းကိုမှေးတည်နေသော ငဝန်မြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုလေအေးတွေက ရင်ကိုအေးမြပြီး လန်းဆန်းစေသည်။ နံနက် ၂နာရီခွဲတွင် သင်္ဘောပေါ်သို့ တက်ခဲ့သည်။ သစ္စာမောင်သင်္ဘောဖြစ်သည်။ သင်္ဘောက တန် ၁၈၀ခန့်တင်မောင်းနိုင်သော သစ်သားကိုယ်ထည် သင်္ဘောကြီးပင်ဖြစ်သည်။ Mazda Jeep (သို့) Ford (ဖို့ဒ်)ပစ်ကပ်ကား တစ်စီးကို ဝမ်းဗိုက်ပေါ်မှာတင်ပြီး သွားနိုင်ပေသည်။ သို့နှင့် ကျွန်တော်တို့ စီးလာသော Ford (ဖို့ဒ်)ပစ်ကပ်ကားကို တစ်ပါတည်းတင်ခဲ့ပေသည်။ ဟိုရောက်ရင် ခရီးဆက်ရန်နှင့် တိုးတက်မှုတွေ လိုက်ကြည့်ရန် ဖြစ်သည်။ ယခင်က ချောင်းဝ၊ ပြင်ခရိုင်၊ ကျောက်ကလပ်ဒေသများကို ဒေသတစ်ခုနှင့် တစ်ခု ကားနှင့်သွားရန် မလွယ်ကူပေ။ ကားလမ်းကောင်းစွာ မရှိပေ။ လမ်းကြမ်းဖြစ်သည်။ လယ်ကွင်း၊ ဆားကွင်းများဖြတ်ပြီး သွားရခြင်းသာ ဖြစ်သည်။ ယခင်က ယင်းဒေသတွင် ပြင်ခရိုင်မှ ဆားသူကြီးပိုင်သော ဂျစ်ကားတစ်စီးသာလျှင် ရှိပေသည်။ ဂျစ်ကားဟု အမည်ခေါ်သာရှိသည်။ ဆားဒဏ်နှင့် အတော်ယိုယွင်းနေခဲ့ပြီဖြစ်ပေသည်။ ယခုနာဂစ်မုန်တိုင်းပြီး ပြန်လည်တည်ဆောက်ရေးကာလများတွင် ဒေသတစ်ခုနှင့်တစ်ခု၊ နယ်မြေတစ်ခုနှင့်တစ်ခု၊ ကျေးရွာတစ်ခုနှင့်တစ်ခုကို ဆက်သွယ်ပြီး လျင်မြန်စွာ သွားလာနိုင်ရန် ဒေသတာဝန်ယူသော သတ္တုတွင်းဝန်ကြီးဌာနမှ စီမံကွပ်ကဲပြီး လမ်းပြင်၊ တံတားပြင်မှုများကြောင့် ဆိုင်ကယ်၊ ထော်လာဂျီယာဉ်များပင် ချောင်းဝမှ ကျောက်ကလပ်အထိတွင်ကျယ်စွာ မိုးရွာနေပူမရှောင် မောင်းနှင်နိုင်ပြီဖြစ်သည်။

ကျွန်တော်ရောက်ခဲ့စဉ်က လူက ဆိုင်ကယ်ကို စီးလိုက်၊ ဆိုင်ကယ်က လူကိုပြန်စီးလိုက်ဖြင့် သွားခဲ့ရသည်။ ခရီးသည်များလည်း သည်အတိုင်းပင်ဖြစ်သည်။ ယခုတော့ ခရီးသည်များသည် ဆောင်းတွင်းမှာပင် ဆိုင်ကယ်၊ ထော်လာဂျီ၊ လိုင်းကားနှင့် ဌာနဆိုင်ရာကားများဖြင့် တွင်ကျယ်စွာ သွားလာနေရပြီဟု သိရပေသည်။ သို့နှင့် ကျွန်တော်တို့အဖွဲ့လည်း ပါလာသည့် (ဖို့ဒ်)ပစ်ကပ်ကားလေးကို ယူလာခဲ့ခြင်းပင် ဖြစ်သည်။

နံနက်၂နာရီခွဲက ထွက်ခဲ့သော်လည်း လတစ်ခြမ်းမို့ အလင်းရောင်ရေးတေးတေး တွေ့နေရပေသည်။ ကမ်းနံဘေးမှ ရွာများမှလည်း ငါးဖမ်းမှာမို့၊ လယ်ဆင်းမှာမို့ ထင်ပါသည်။ မှိတ်တုတ်တုတ် မီးရောင်လေးများ တွေ့နေရပေသည်။ အချို့စက်လှေများလည်း ငဝန်မြစ်တွင်း သွားနေသည်ကို တွေ့ရပေသည်။ ကျွန်တော်တို့ သင်္ဘောကတော့ ပုံမှန်ပင် မောင်းလျက်ရှိပေသည်။ ရာသီဥတု သာယာသည်ဟု ပြောရမည်ဖြစ်ပေသည်။ လေမတိုက်၊ လှိုင်းမထန်သဖြင့် သင်္ဘောအရှိန်လေးနှင့် အေးသောလေနုအေးလေးကြောင့် သင်္ဘောပေါ်ရှိ အိပ်ရာပေါ်လှဲနေရသည်ကလည်း တစ်မျိုးတော့ ဇိမ်ကျသလို ခံစားနေမိသည်။ တကယ်တော့ ပုသိမ်မှ ဟိုင်းကြီးကျွန်းမြို့နယ်ကျောက်ကလပ်၊ အုတ်တွင်း၊ ဒီဒူးကုန်း၊ ပြင်ခရိုင်၊ချောင်းဝသို့သွားသော အမြန်ယာဉ်မှာအမြဲမရှိပေ။ နေ့စဉ် ဟိုင်းကြီးကျွန်းနှင့် ပုသိမ်သာသွားပြီး ကျန်နေရာများကို ဒေသအခေါ် လိုင်းပေါက်ဟုခေါ်သော လိုင်းမော်တော်ယာဉ်များသာ သွားပေသည်။ နေ့စဉ် ပြင်ခရိုင်၊ ဒီဒူးကုန်း၊ အုတ်တွင်းတို့မှ ည ၆း၀၀ နာရီတွင်ထွက်လျှင် နောက်တစ်နေ့ နံနက် ၄း၀၀နာရီ (သို့မဟုတ်) မိုးလင်းလျှင် ပုသိမ်ရောက်ပြီ ဖြစ်သည်။ လမ်းတစ်လျှောက် ရွာများကပ်ပြီး လူ၊ ကုန်များကို တင်ပြီး တစ်ညလုံးမောင်းနှင်ရမည်ဖြစ်သည်။ ထိုကဲ့သို့ပင် ပုသိမ်မှ နံနက် ၄နာရီထွက်ပြီး ညနေ၆နာရီ၊ တစ်ခါတစ်ရံ ရေချိန်ကြောင့် ည၈နာရီမှ ယင်းရွာတွေကို သင်္ဘောရောက်မည်။ ရေချိန်ဆိုသည်မှာ ချောင်းဝထဲကို ဒီရေတက်မှ သင်္ဘောဝင်နိုင်တာမို့ ရေတက်ချိန် စောင့်ရသည်ကို ဒေသအခေါ် ရေချိန်ဟု ခေါ်ကြပေသည်။ ဟိုင်းကြီးကျွန်းသွား အမြန်ယာဉ်မှာ ဂျစ်ကားပင် တင်မရပေ။ ကုန်နည်းနည်းနှင့် လူ ၂၀၀လောက်တင်နိုင်ပြီး မော်တော်ကြီးများနှင့်စာလျှင် ပိုမိုမြန်သော ရေယာဉ်များပင်ဖြစ်သည်။ တချို့ရေယာဉ်များသည် တစ်နာရီ ရေမိုင်၁၀မိုင်မှ ၁၅မိုင်အထိ မောင်းနှင်နိုင်ကြပေသည်။ မည်သို့ပင်ဖြစ်စေ ထိုမြေ ထိုရေ ထိုလူတွေနှင့် ထိုလှေများသည် မြအဏ္ဏဝါ ပင်လယ်ပြင်မှာ ကြည်သာရွှင်မြူး ရွှေငါးကူးသလို အသွင်ထူးစွာ လိုက်ဖက်လျက်ရှိသည်။

ကျွန်တော့်အတွေးများ ပျံ့လွင့်နေဆဲမှာပင် ချောင်းဝရောက်တော့မည်ဆိုသဖြင့် နာရီကိုကြည့်မိပါသည်။ နံနက် ၁၁နာရီခွဲရှိပြီ၊ ချောင်းဝဆိပ်ကမ်းကို လှမ်းမြင်ရပေသည်။ ကျွန်တော်တို့က ချောင်းဝမှာ ဆင်းမည်။ ကျွန်တော်တို့ စီးလာသည့် မော်တော်က ရေချိန်စောင့်ပြီး ပြင်ခရိုင်ချောင်းတွင်း ဝင်ရမည်။ ချောင်းဝရွာကတော့ ငဝန်မြစ်နှင့် ပင်လယ်ဝဆုံဖြစ်သဖြင့် ရေချိန်မလိုပေ။ ချောင်းဝသည် အရင်တစ်ခေါက်နှင့် လုံးဝမတူတော့ပါ။ ယခင်လို ယိုင်နဲ့နေသော အိမ်၊ မပြိုလဲရန် ဒေါက်ထောက်ထားသောအိမ်၊ အမိုးလန် သွပ်ပြန်နေသောအိမ်များ မတွေ့ရတော့ပါ။ အားလုံးကား သစ်လွင်တောက်ပနေခဲ့ပြီ။ ထို့အပြင် CDMA ဖုန်းများနှင့် နယ်/အဝေး/အနီး ပြောနိုင်သည်ဟူသော ဖုန်းဆိုင်လေးတွေကလည်း လမ်းဘေးမှာ စတိုးဆိုင်များနှင့်အတူ နေရာယူထားသည်။ လူတွေ၏မျက်နှာ၊ ရောင်းဝယ်ဖောက်ကားနေသည်များ၊ ကက်ဆက်သံလွှင့်ပျံ၍ထွက်နေသော လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်လေးတွေကို တွေ့ရပြန်တော့ မှားဆင်းလာမိသလားလို့ သံသယဖြစ်မိပြန်သည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်သော နှစ်ထပ်အာစီကျောင်းဆောင်သစ်ကြီးနှင့် နာဂစ်မုန်တိုင်းတွင် ပျက်စီးခဲ့သော နှစ်ထပ်အုတ်ညှပ်ကျောင်းဆောင်ကြီး ပြုပြင်ပြီးစီးမှုများကို တစ်ပြိုင်တည်း တွေ့လိုက်ရပြန်သည်။ ယင်းမှ ကျွန်တော်တို့အဖွဲ့သည် ချောင်းဝအတွက် သပြေငူရွာကလေးကို ရောက်ရှိခဲ့ပေသည်။ သပြေငူစံပြကျေးရွာ၊ ဟုတ်ပါသည် စံပြ ဖြစ်ထိုက်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်ညွှန်ကြားချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေသံလွင်ကုမ္ပဏီတို့က အိမ်ခြေ ၅၀ အသစ်တည်ဆောက်ပေးထားသော ကျေးရွာလေးဖြစ်သည်။ ချောင်းဝ၊ ပြင်ခရိုင်သွားကားလမ်း၏ အနောက်ဘက်ကပ်လျက် ရှိသည်။ တစ်အိမ်လျှင် ကျပ် ၆၀၀၀၀၀ နှုန်းဖြင့် ဆောက်လုပ်ပေးခဲ့သော အိမ်ကလေးများပင် ဖြစ်သည်။ အိမ်လေးများ၏ နောက်ဖေးတွင် အိမ်နောက်ဖေးဈေးဆိုင်တည်ဟူသော စကားရပ်နှင့်အညီ စိုက်ပျိုးထားသော ၁၀ မျိုး၊ ၁၀ပေါင်မက ဘူး၊ သခွား၊ ဖရုံ၊ ငှက်ပျော စုံလင်စွာဖြင့် ပုံပမာယာတောရောနှောကာ စားချင်စရာအဖြာဖြာလည်း တစ်ပါတည်းတွေ့လိုက်ရသည်။ ထိုသပြေငူကျေးရွာအတွင်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွား၍ အိမ်အသစ်လေးတွေ ဆောက်ပေးသည်မက နှစ်ထပ်အာစီ မူလတန်းကျောင်းကလည်း ဆောက်နေလေပြီ။ ရွာနံဘေးကပ်လျက်မို့ အချိန်မကုန်၊ လူပို့စရာမလို အချိန်တိုနှင့်ပင် စာတတ်ကြတော့မည်။

ကျွန်တော်တို့အဖွဲ့သည် မွန်းလွဲ ၁ နာရီခွဲတွင် ဒီဒူးကုန်းကျေးရွာသို့ ရောက်ရှိခဲ့ပေသည်။ မြင်ရပါပြီ၊ ငါးဒိုင်၌ ငါးများ၊ ပုစွန်များသွင်းနေကြသော ရေလုပ်သားများ။ သူတို့တွေ၏ မျက်နှာများမှာလည်း ပြုံးလို့ရယ်လို့ပင်။ နေ့စဉ်ငါးတန်ချိန် ၃၀ မှ ၄၀/၅၀ အထိ ရကြပေသည်။ ယခင်နှင့်မတူတစ်မူပြောင်းခဲ့သည်မှာတော့ အမှန်ပင်ဖြစ်သည်။ ချောင်းဝ၊ ပြင်ခရိုင်၊ ဒီဒူးကုန်းကြား ကားလမ်းဘေးတွေ့ခဲ့ရသည့် စပါးကွင်းများမှာလည်း ရင့်မှည့်၍ ရိတ်သိမ်းနေပြီ၊ ဆားကွင်းတွေလည်း ယခင်လိုမဟုတ်၊ ထွန်ယက်လို့ ဆားပင်စုနေကြပြီ။ အလားတူ အချို့လယ်ကွင်းတွင်းမှ ဖရဲခင်းများမှာလည်း ဖောင်တော်သီ ဒိုက်ဦးကဲ့သို့ပင် မြင်မြင်သမျှ ဘဝင်ကျစရာများပင်ဖြစ်သည်။ ပြောင်းလဲမှုကတော့ မြန်ဆန်လွန်းလှပေသည်။

ကျွန်တော်တို့၏ ကားကလေးသည် ကျောက်ကလပ်တောင်ပေါ်သို့ ရောက်ခဲ့သည်။ နာရီက မွန်းလွဲ ၂ နာရီခွဲရှိလေပြီ။ သတ္တုတွင်းဝန်ကြီးဌာနကွပ်ကဲမှုဖြင့် ဖွင့်လှစ်ထားသော မေတ္တာအောင်ဖောင်ဒေးရှင်းမှ တာဝန်ယူဆောက်ထားသည့် အုတ်ဖိနပ်၊ ပျဉ်ကာ၊ သွပ်မိုးအိမ်ကလေးများကလည်း ကားလမ်း၏တစ်ဖက်တစ်ချက်၌ ပဏာရလို့နေသည်။ တစ်ဆက်တည်းပင် ရွှေသံလွင်နှင့် အာရုံဦးကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်ခဲ့သော ကုန်းသာယာ ရွာသစ်၊ ခုံကြီးကျေးရွာ၊ ဘုန်းတော်ပြည့်ကျေးရွာတို့ကိုလည်း ကားလမ်း၏ လမ်းဘေးဝဲယာ၌ စနစ်တကျ တန်းစီထားသလိုတွေ့ရသည်။ စိုက်ခင်းလေးတွေကလည်း ဆယ်မျိုးဆယ်ပေါင်မက ဘူး၊ ဖရုံ၊ သခွား၊ ငရုတ်၊ ချဉ်ပေါင်၊ ကြက်သွန်စိုက်ပျိုးထားသည်မှာလည်း အိမ်နောက်ဖေး ဈေးဆိုင်ဆောက်ထားသလိုပင် စုံလင်စွာ တွေ့လိုက်ရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ကုန်းသာယာကျေးရွာ အလယ်တန်းကျောင်း။

လယ်ထွန်စက်ကြီးဖြင့် လယ်ယာလုပ်ငန်းခွင် ဝင်နေကြစဉ်။

တောင်သူကြီးများ စပါးရိတ်သိမ်းနေကြစဉ်။

24-2 (10).pmd 1 2/24/2009, 2:25 AM

စာမျက်နှာ ၁၀ မှ

ထို့အပြင် ဘိလိယက်ခုံ၊ လက်ဖက်ရည်ဆိုင်များ၊ ကာရာအိုကေ၊ ဗီဒီယိုရုံနှင့် ညဘက် လမ်းမီးပါရနေသော ကုန်းသာယာရွာသစ်သည် ရွာသစ်မှ ဟုတ်ရဲ့လားဟု ကျွန်တော် ထင်မိသည်။ ကျွန်တော့်အဖွဲ့သားများကလည်း ကင်မရာတစ်လုံးနှင့် အလုပ်ရှုပ်ကုန်ကြပြန်ပြီ။ အသစ်ဖြစ်လာသော ကျေးရွာအလယ်တန်းကျောင်း အာစီကျောင်းဆောင်သစ်ကြီးကိုလည်း တွေ့ရသည်။ ကျွန်တော်တို့အဖွဲ့သည် ညဘက်တွင် ကုန်းသာယာရွာသစ်မှာ တည်းခိုကြသည်။ ပင်လယ်ပြင်ကို တောင်မြောက်တန်းနေသော အလျား ၇မိုင်ခန့်၊ အမြင့်ပေ ၇၀ခန့်ရှိ ပင်လယ်ကမ်းစပ် ကျောက်ကလပ်တောင်ကုန်းတောင်တန်းများပေါ် ဆောက်ထားသော ကုန်းသာယာရွာသစ်၏ အလှ။ ညမီးရောင်အောက်၊ လအလင်းရောင်အောက်၌ မြင်တွေ့ရသော မြင်ကွင်းများသည် ဘယ်ပန်းချီမှ ရေးမမီနိုင်သည့် ပန်းချီကားတစ်ချပ်လိုပင်။

တကယ်တွင် ဤဒေသရှိ ဘုန်းတော်ပြည့်၊ ခုံကြီးကျေးရွာများသည်လည်း အနီးအနားရှိ အုတ်တွင်းကျေးရွာ၊ သောင်ကလေးကျေးရွာနှင့် အောက်ပွန်ဝ ကျေးရွာများကဲ့သို့ပင် မုန်တိုင်းတိုက်ခတ်စဉ် အသက်အိုးအိမ်များ အများအပြား ပျက်စီးခဲ့ကြသော ကျေးရွာများပင်ဖြစ်သည်။ ဤနေရာကို နိုင်ငံတော်မှ နောင်လေမုန်တိုင်းဒဏ် မခံရစေရေးအတွက် ဆိုင်ကလုန်းရှက်တာများ၊ အိုးအိမ်သစ်ပြန်လည်တည်ဆောက်ရေး၊ ဒေသတွင်း လပွတ္တာ၊ အုတ်တွင်း၊ ကျောက်ကလပ်ကားလမ်း တည်ဆောက်ရေးလုပ်ငန်း၊ ဆားလုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများတွင် များစွာအထောက်အကူပြု ဆောင်ရွက်ပေးခဲ့ပေသည်။ စာရင်းများအရ အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့ရပေသည်-

အိမ်ရာသစ်ဆောက်လုပ်ပေးမှု

စဉ်	ကျေးရွာ	ဆောက်လုပ်သည့်ကုမ္ပဏီ	ဆောက်လုပ်မည့် အရေအတွက်	ဆောက်လုပ်ပြီး အရေအတွက်	ဆောက်လုပ်ဆဲ အရေအတွက်
၁	ဘုန်းတော်ပြည့်	ရွှေသံလွင်/အာရှဦး FMI	၄၂၈	၄၁၄	၁၄
၂	ခုံကြီး	ရွှေသံလွင်/အာရှဦး FMI	၆၃	၆၃	-
၃	သောင်လေး(အောင်ခိုင်)	တက်လမ်း	၁၇၇	၁၇၅	၂
၄	အောက်ပွန်ဝ	တက်လမ်း	၁၂၅	၁၂၅	-
၅	ချောင်းဝ	FMI	၅၀	၅၀	-
၆	ကန်ဆိပ်	အောင်ချမ်းသာ	၆၀	၆၀	-
၇	အုတ်တွင်း	မြင့်မြတ်အလင်း	၉၂	၉၂	-
၈	ကျောက်ကလပ်	မေတ္တာဖောင်ဒေးရှင်း	၁၀၁	၉၄	၇
၉	ကျင်းကော	မေတ္တာဖောင်ဒေးရှင်း	၇၁	-	၇၁
၁၀	ဒီးဒူးကုန်း	မေတ္တာဖောင်ဒေးရှင်း	၂၉	-	၂၉
၁၁	အဆင်းချိုင်	မေတ္တာဖောင်ဒေးရှင်း	၅၀	-	၅၀
၁၂	သဲချောင်း	မေတ္တာဖောင်ဒေးရှင်း	၇၀	-	၇၀
၁၃	မကျည်းချိုင်	မေတ္တာဖောင်ဒေးရှင်း	၅၈	-	၅၈
		စုစုပေါင်း	၁၃၇၄	၁၀၇၃	၃၀၁

လယ်ယာကဏ္ဍအတွက် ဖြည့်ဆည်းပေးမှု

မျိုးစပါး	ကျွဲ/နွား	ထွန်စက်	စက်သုံးဆီ(ဒီဇယ်)
၁၁၁၀၀၉တင်း	၂၀၅ကောင်	၅၄၄စီး	၅၁၈၀၀၀ဂါလန်

ရေလုပ်ငန်းအတွက် ဖြည့်ဆည်းပေးမှု

လှေ	အင်ဂျင်စက်	ပိုက်	ငါးဖမ်းပိုက်မျိုးစုံ
၁၃၈၅၇စီး	၈၈၃	၈၈၃	၁၈၅၅

ဆားလုပ်ငန်းအတွက် ဖြည့်ဆည်းပေးမှု

လက်တွန်း ထွန်စက်	ထွန်စက်ကြီး	ရေစုပ်စက်/ပန့်	လျှော်သစ်/ အခြားသားသစ်	တာပေါ်လင်လိပ်	ဒီဇယ်
၅၁၁ စီး	၄၈ စီး	၈၆၃	၄၃၁၉	၃၉၀	၄၃၂၀၀၀ဂါလန်

လေဘေးဒဏ်ကာ အဆောက်အအုံဆောက်လုပ်နေမှု

စဉ်	ကျေးရွာ	အမျိုးအစား	တည်ဆောက်သည့်ကုမ္ပဏီ
၁။ ၂။	ချောင်းဝ ပြင်ခရိုင်	လူ(၅၀၀)ဆံ့ လူ(၅၀၀)ဆံ့	ရွှေသံလွင်
၃။	သက္ကယ်သောင် အထက(၁)နေရာ	လူ(၅၀၀)ဆံ့	တက်လမ်း
၄။	သင်္ကန်းကုန်းကွင်းကြီး	လူ(၅၀၀)ဆံ့	FMI

လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်း လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်မှု

လျာထား အကွာအဝေးမိုင်	ဆောင်ရွက်ပြီးစီးမှု			
	လမ်း	မြေသားတာပေါင်ဖို့ခြင်း	ကျောက်ချောလမ်း	ကျောက်ချထားခြင်း
၃၇မိုင် ၄ဖာလုံ	၇မိုင် ၅ဖာလုံ	၂မိုင် ၆ဖာလုံ	၄ဖာလုံ	၄ဖာလုံ

ဧရာဝတီတိုင်းသည် ရေမြေသယံဇာတ ပေါကြွယ်ဝသော တိုင်းကြီးတစ်တိုင်းပင်ဖြစ်သည်။ ယင်းသယံဇာတများနှင့် လုပ်အားကိုပေါင်းစပ်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင်၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ကြိုးစားသွားကြရမည်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်း၍ ကျန်လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်ကြီးများကပါ နိုင်ငံတစ်ဝန်းမှ ပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၏ အကျိုးရလဒ်ကြောင့် ယနေ့ဧရာဝတီတိုင်း၌ များစွာပြောင်းလဲခဲ့သော မြင်ကွင်းများက သက်သေပြသနေသည်။

ကုန်းသာယာရွာသစ်လေးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ယခုစတင်ဖောက်လုပ်နေသည့် လပွတ္တာ-အုတ်တွင်း-ထိပ်စွန်းကားလမ်း၏ အုတ်တွင်းနှင့် ထိပ်စွန်းကြား၌ တည်ရှိနေသောရွာလေးပင်ဖြစ်သည်။ ထိပ်စွန်းဆိုသည်မှာလည်း မြန်မာပြည် အနောက်တောင်ဘက်အစွန်ဆုံး ပင်လယ်အတွင်း ထိုးထွက်နေသော ကျောက်စွန်းအငူတစ်ခုပင်ဖြစ်သည်။ ကောင်းကင်ပြာ ပင်လယ်ပြာကြီး၏အောက်၌ ထိုးထွက်နေသော တစ်ခုတည်းသော အလှရတနာဖြစ်သည်။ ကုန်းသာယာရွာသစ်သည် ပင်လယ်ပြင်ကို မျက်နှာအပြည့်မူထားသော ကျွန်းကျောက်တန်းစွယ်ပေါ်၌ တည်ထားသော ရွာလေးဖြစ်၍ ပင်လယ်ပြာ၊ ကောင်းကင်ပြာနှင့် နေထွက်နေဝင်မှာ အလွန်လှပသော ရွာလေးပင်ဖြစ်သည်။ စီတန်းနေသောအုန်းပင်များနှင့် ကျောက်ကလပ်ရွာလေးကို အလှမ်းမဝေးဘဲ မြင်တွေ့ရသကဲ့သို့ ပင်လယ်လှိုင်းများ၏ ရိုက်ခတ်သံများကိုလည်း နားဆင်နိုင်သော နေရာလေးပင်ဖြစ်သည်။ ဤကျေးရွာသစ်လေးတွင် ဒေသခံပြည်သူများသည် ရေပေးဝေရေးစနစ်၊ တိုက်နယ်ဆေးရုံ၊ ဆေးပေးခန်း၊ အလယ်တန်းကျောင်း၊ စေတီ၊ ဘုရားကျောင်းကန် ဇရပ်စုံလင်စွာနှင့် ပင်လယ်လေရှူရှိုက်ကာ သဘာဝ၏အလှကို လုပ်ငန်းခွင်မပျက် ခံစားနေကြသော ပြည်သူများ၏ အပြုံးမျက်နှာသည် ဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်တစ်ခုပင်ဖြစ်သည်။ အမှန်တကယ်တွင် ဤဒေသ ဤကဲ့သို့ ပြောင်းလဲခဲ့ခြင်းသည် လွယ်လွယ်နှင့်တော့ မဟုတ်ပါ။ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် ဆိုင်ကယ်စီး၊ လှေတစ်တန်၊ ကုန်းတစ်တန် အပြန်ပြန် အလှန်လှန် သွားခဲ့ရသကဲ့သို့ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ ဒေသဆိုင်ရာဝန်ထမ်းများ၊ ရွှေသံလွင်နှင့် အာရှဦး ကုမ္ပဏီဝန်ထမ်းများ၊ ဟိုင်းကြီးကျွန်းရေတပ်စခန်းဌာနချုပ်မှ စစ်သည်များ၊ နယ်မြေခံတပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါမကျန် နေ့၊ ည လေဘေးသင့်ပြည်သူများနှင့်အတူ သုံးလတာကာလအတွင်း ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ရသည်။ စိတ်ဓာတ် မြင့်မားရေး၊ ကိုယ်ကာယကြံ့ခိုင်သန်စွမ်းရေးတို့အတွက်လည်း ကျေးရွာအလိုက် သဲသောင်ပြင်(ကျား၊မ) ဘောလုံးပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ပညာပေးဟောပြောပွဲများကျင်းပခြင်း၊ ကျန်းမာရေးအထောက်အပံ့ပေးခြင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းများ အစစအရာရာ ပြန်လည်ပြုပြင် အသစ်တည်ဆောက်ပေးခဲ့ခြင်း၊ နေ့မအား၊ ညမနား ကြိုးစားဆောင်ရွက်ခဲ့ခြင်းများ၏ ရလဒ်သည် ယခုဤကဲ့သို့ စိတ်ချမ်းမြေ့ဖွယ်မြင်ကွင်းများကို မြင်တွေ့ကြရခြင်းပင်ဖြစ်သည်။ မကြာမီပြီးစီးမည့် လပွတ္တာ-ကျောက်ကလပ်ကားလမ်း လမ်းအူကြောင်းနှင့် လမ်းအကြမ်းပြီးသွားပါက ၃၇မိုင် ခရီးကို ဆိုင်ကယ်ဖြင့် နှစ်နာရီမျှသာ ကြာပေတော့မည်။ ဤရွာသားများ၏ ကုသိုလ်ကံများက ထူးလှပါပေသည်။ ဤသို့ဖြင့် ကျွန်တော်တွေးနေမိဆဲမှာပင် ကျွန်တော့်အား နှုတ်ဆက်သံကြား၍ လှည့်ကြည့်မိလိုက်ရာ ကုန်းသာယာရွာသူကြီး ဦးစိုးချစ်ကို တွေ့လိုက်ရသည်။ ကျွန်တော်က ''လုပ်ငန်းအဆင်ပြေရဲ့လား၊ အရင်နဲ့ ဘယ်လိုနေသေးလဲ''ဟု မေးလိုက်ပါသည်။ ''ကျွန်တော်တို့ နေထိုင်ရတဲ့ အိမ်ကလဲ မိသားစုအတွက် အဆင်ပြေပြီး ဈေးဆိုင်လည်းဖွင့်ထားပါတယ်။ ကျန်တဲ့သူတွေလဲ ကိုယ်စီလုပ်ငန်း၊ လယ်ကွင်း၊ ဆား၊ ရေလုပ်ငန်း၊ မြန်မာ့ဆက်သွယ်ရေး တယ်လီဖုန်း၊ ဝင်းသူဇာအရောင်းဆိုင်၊ လျှပ်စစ်မီးတွေ စုံလို့ပါပဲ၊ အဆင်ပြေမှပြေ၊ လမ်းမီးရလို့ ကိုယ့်ရွာကို မြို့ထင်နေတာဗျ။ အရင်ငယ်ငယ်တုန်းက သီချင်းလိုပေါ့ ''အရင်တုန်းကနဲ့မတူ၊ အခုတော့ တစ်မူထူးလို့၊ ပျော်စရာကောင်းလှပါဘိနော် ဆိုတာလေ''ဟု ပြောသောအခါ ကျွန်တော်ပြုံးလိုက်မိပါသည်။ အားရအောင် ပြုံးလိုက်မိပါသည်။ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခင်မုန်တိုင်းသင့်ဒေသများသည် ဦးစိုးချစ်ဆိုပြတဲ့ သီချင်းကဲ့သို့ ''အရင်တုန်းကနဲ့မတူ၊ အခုတော့ တစ်မူထူးလို့၊ ပျော်စရာကောင်းလှပါဘိကွယ်''ဟုသာ ရေးသားတင်ပြလိုက်ရပါသည်။ ။

လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်စာမေးပွဲ အောင်လက်မှတ်ပေးအပ်ခြင်းနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ စာရင်းကောင်စီက လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း စာမေးပွဲ) ၂၀၀၇ခုနှစ် ဇူလိုင် (အမှတ်စဉ်-၂၇)၊ ၂၀၀၈ခုနှစ် ဇန်နဝါရီ (အမှတ်စဉ် -၂၈)၊ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း စာမေးပွဲ) ၂၀၀၇ခုနှစ် ဧပြီ၊ ၂၀၀၈ခုနှစ် ဩဂုတ်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း စာမေးပွဲ) ၂၀၀၇ခုနှစ် ဩဂုတ်(အမှတ်စဉ်-၃၀)၊ ၂၀၀၈ခုနှစ် ဧပြီ(အမှတ်စဉ်-၃၁) နှင့် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း စာမေးပွဲ) ၂၀၀၇ခုနှစ် မေ၊ ၂၀၀၈ခုနှစ် ဩဂုတ်အသီးသီးတို့တွင် ကျင်းပခဲ့သည့် စာမေးပွဲအောင်မြင်သူများအနက် ပထမ၊ ဒုတိယ၊ တတိယအဆင့်ဖြင့် အောင်မြင်သူများအား ဆုတံဆိပ်နှင့် ငွေသားဆုများလည်းကောင်း၊ ဘာသာရပ်အလိုက် အမှတ်အများဆုံးရရှိသူများအား ငွေသားဆုများကိုလည်းကောင်း အသီးသီးချီးမြှင့်မည်ဖြစ်ပြီး ဒုတိယပိုင်းစာမေးပွဲ အောင်မြင်သူများအား အောင်လက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအခမ်းအနားကို မတ်၂၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းသူ ၂၃ဦး၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၈)မှ သင်တန်းသူ ၁၂၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၉)မှ သင်တန်းသူ ၄၀၊ ဗဟိုလေ့ကျင့်ရေးကျောင်းမှ ဝန်ထမ်းမိသားစု ၃၇ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒေသစည်းရုံးရေးမှူး ဒေါက်တာဒေါ်လှဒါနီချိန်က **''သွားနှင့်ခံတွင်း အခြေခံကျန်းမာရေး''**ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၅၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၁၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ကျော်က ရှေးပျူခေတ် ဂဝံမြို့ဟောင်းကြီးတစ်မြို့ကို ခိုင်မာသော အထောက် အထားများဖြင့် ရှာဖွေတွေ့ရှိ၊ ကချင်ပြည်နယ်၌ ရေခဲတောင် ပရဆေးဥယျာဉ်ကြီးတစ်ခု တည်ထောင်မည်၊ မြန်မာနိုင်ငံမှ အွန်လိုင်းစာမေးပွဲစင်တာ ဒေသတွင်း အကောင်းဆုံး စွမ်းဆောင်မှုဆုရရှိ၊ ပြည်တွင်း၌ ပထမဦးဆုံးထုတ်သည့် နေမီးအိမ် ဈေးကွက်အတွင်း စတင်ရောင်းချ၊ မြန်မာနိုင်ငံရှိ မြို့ကြီး ငါးမြို့၏ အသေးစိတ်မြေပုံ အချက်အလက်များ ပါဝင်သော GPS ကို တီထွင်အောင်မြင်၊ မြန်မာ့ရဲယိုဓာတ်စာဖျော်ရည်ကို ဂျပန်နိုင်ငံကဝယ်ပြီ၊ ကျပ်သိန်း၆၀ကျော်ချီးမြှင့်မည့် အိမ်အလှဆင်ပြိုင်ပွဲ ပထမဆုံးကျင်းပမည်၊ ကိုရီးယားသင်္ဘောကုမ္ပဏီပိုင် သင်္ဘောပေါ်မှ မြန်မာသင်္ဘောသားနှစ်ဦး အစာအဆိပ်သင့် သေဆုံးရသည့်ဖြစ်စဉ်၊ ဆရာကြီးမင်းသိင်္ခအား ဒေါက်တာဘွဲ့အပ်နှင်းလိုက်ပြီ၊ ဧရာဝတီရေလုပ်သားများ၏ လှေတစ်စင်းကို ဂျာမနီနိုင်ငံပြတိုက်တွင် ထားရှိမည်၊ မော်လမြိုင်မြို့တွင် ယာဉ်မျိုးစုံကို သုံးရက်ကြာ လေလံတင်ရောင်းချမည်၊ အမျိုးသမီးတစ်ဦးက ၉၆ရက်ကြာ ကမ္ဘာတစ်ပတ် ရွက်လွှင့်ခဲ့၊ ကမ္ဘာ့ပထမဆုံး လက်ပတ်ဗီဒီယိုဖုန်းများ ဝယ်ယူနိုင်တော့မည်၊ ပထမဆုံးအကြိမ် မျက်မမြင်မိန်းကလေး ကားမောင်းသင်၊ ကမ္ဘာ့အကြီးမားဆုံး ရေခဲခေတ်ရုပ်ကြွင်း အစုအဝေးကြီးကို လော့စ်အိန်ဂျလိစ်မြို့အောက်၌ တူးဖော်တွေ့ရှိ၊ ပေ၁၀၀ ခန့်ရှည်လျား သည့် မြွေကြီးကို ရဟတ်ယာဉ်ပေါ်မှ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့၊ (၂၃ကြိမ်)တိတိ လက်ထပ်ခဲ့ဖူးသော အမျိုးသမီးတစ်ဦး အထီးကျန်ဖြစ်နေပြန်၊ သီရိလင်္ကာနိုင်ငံ၏ မြို့တော်ကို တမီးလ်ကျားသူပုန်များက လေကြောင်းမှ တိုက်ခိုက်၊ ရုရှားစစ်သင်္ဘောက တရုတ်ကုန်တင်သင်္ဘောတစ်စင်းကို ပစ်ခတ်နှစ်မြှုပ်ခဲ့၊ အမျိုးသမီးတစ်ဦး၏ ဆံထုံးက သေနတ်ကျည်ဆန်ကို အံ့သြဖွယ်တားဆီးနိုင်ခဲ့၊ ယခုနှစ် အော်စကာရုပ်ရှင် ထူးချွန်ဆုပေးပွဲ မြင်ကွင်း…စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

"ဆင်သေရေလှောင်တမံကြီးက နွေစပါးဧက၁၀၀၀၀အတွက် နှစ်စဉ်စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်ပါတယ်"

ဦးခင်မောင်စန်း
ဦးစီးမှူး-ဆည်မြောင်းဦးစီးဌာန

■ *ကျောဖုံးမှ*

ဆောင်းအခါတွင်လည်း ဆောင်းမြေပဲ၊ ကုလားပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနှင့် နေကြာတို့ကို သီးထပ်သီးညှပ် မလွတ်တမ်းစိုက်ကြသေးသည်။ ထို့အပြင် ဖရဲ၊ ကြက်သွန်နီ၊ အာလူး၊ ပန်းမုန်လာတို့ကို စိုက်ပျိုးကြ၍ ကျေးလက်နေပြည်သူတို့ ဝင်ငွေရှင်နေကြသည်။

လေ့လာခဲ့

ဤသို့ဖြင့် ကွင်းဆင်းလေ့လာရေးသားရေး သတင်းအဖွဲ့သည် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမြင့်၏ စီစဉ်ပေးမှုဖြင့် ဆင်သေရေလှောင်တမံကြီးသို့ မကြာမီက သွားရောက် လေ့လာခဲ့ကြသည်။ ဤဆင်သေရေလှောင်တမံကြီးသည် နေပြည်တော်တပ်ကုန်းမြို့၏ မြောက်ဘက် ၁၆ မိုင်အကွာ ပဲခူးရိုးမအဖျားတွင် တည်ရှိသည်။

အရောက်လှမ်းခဲ့

မိမိတို့သည် နေပြည်တော်တပ်ကုန်းမြို့ရှိ ဆည်မြောင်းဦးစီးဌာနရုံးမှ ဆင်သေရေလှောင်တမံကြီးသို့ ဆိုင်ကယ်များဖြင့် ထွက်ခွာလာကြသည်။ ယင်းဆည်မြောင်းရုံးမှ ဦးစီးမှူး ဦးခင်မောင်စန်းသည် သတင်းအဖွဲ့အား လိုက်ပါရှင်းပြရန် လိုက်ပါလာခဲ့သည်။ ထိုခရီးသည် အလွန်မတ်စောက်သည့် တောင်တန်းကြီးကို ဆိုင်ကယ်စီး၍ ဖြတ်ကျော်သွားခဲ့ရသည့် ခရီးကြမ်းပင်ဖြစ်သည်။ သို့သော်လည်း သတင်းအဖွဲ့သည် "**မေးပါများ စကားရ၊ သွားပါများ ခရီးရောက်**"ဆိုသည့် မောင်ပေါက်ကျိုင်း၏ထုံးကို နှလုံးမူလျက် ဆင်သေရေလှောင်တမံကြီးဆီသို့ အရောက်လှမ်းခဲ့ကြသည်။

နွေစပါး

ဆင်သေရေလှောင်တမံကြီးသို့ မရောက်မီ ယင်းဆည်ရေဖြင့် စိုက်ပျိုးရေး လုပ်ကိုင်နေကြသော ကျေးရွာများကို ဖြတ်သန်းသွားကြရသည်။ ပထမဦးဆုံးတွေ့ရသည့် ကျေးရွာမှာ ဒဟတ်ကုန်းကျေးရွာဖြစ်သည်။ ယင်းဒဟတ်ကုန်းကျေးရွာအလွန် ဆင်သေရေလှောင်တမံ၏ ရေလွှဲဆည်ကို တွေ့ရ၏။ ၎င်းရေလွှဲဆည်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ အဆိုပါ ဆင်သေရေလွှဲဆည်တွင် လက်ယာတူးမြောင်းမကြီးနှင့် လက်ဝဲတူးမြောင်းမကြီးဟူ၍ တူးမြောင်းမကြီးနှစ်ခုရှိလေသည်။ လက်ယာတူးမြောင်းမှာ ၂၉မိုင်ရှည်လျားပြီး လက်ဝဲတူးမြောင်းမှာ ၁၂မိုင်ရှည်လျားသည်။ ယင်းတူးမြောင်းမကြီး နှစ်သွယ်ကို လက်တံတူးမြောင်းငယ်များဖြင့်သွယ်၍ စိုက်ပျိုးရေများ ဖြန့်ဖြူးပေးနေ၏။ လက်ယာတူးမြောင်းမကြီးသည် တောင်ဘက်သို့ ဖြာဆင်းလာပြီး ငွေ့ကြီး၊ ရွှေမြို့၊ ဝဲကြီး၊ ပုဇွန်ဆိတ်၊ ခေတ်အေး၊ လယ်သာ၊ နန်းသြနှင့် ဖြတ်ခွဲကျေးရွာအုပ်စုများအတွင်းရှိ လယ်ယာမြေများသို့ စိုက်ပျိုးရေများ ဖြန့်ဖြူးပေးနေသည်။ ယခုအခါ ယင်းဆည်ရေဖြင့် ကျေးရွာအချို့မှာ နွေစပါးစိုက်ရန် ပြင်ဆင်နေကြသည်။ အချို့ရွာများတွင်လည်း နွေစပါး စိုက်နေကြပြီ ဖြစ်သည်။

စိုက်ပျိုးရေဖြန့်ဝေ

အလားတူ လက်ဝဲတူးမြောင်းမကြီးမှာလည်း မြောက်ဘက်သို့ စီးဆင်းသွားသည်။ မြောက်မြိုက်၊ အင်ပင်၊ ကြို့ကုန်း၊ မကြီးကုန်း၊ နောင်သခေါ်၊ ဗျိုင်းအင်း၊ ကြက်သွန်ခင်း စသော ကျေးရွာအုပ်စုများအတွင်းရှိ စိုက်ပျိုးမြေများအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးလျက်ရှိသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် ဆင်သေရေလွှဲဆည်မှ ဆက်လက်ထွက်ခွာလာရာ မြောက်မြိုက်နှင့် အလည်ကျွန်းရွာများသို့ ဆက်လက်ဖြတ်သန်းခဲ့ကြသည်။ ထိုရွာများသည် ပြီးခဲ့သည့် စိုက်ပျိုးရာသီက ငွေချည်(၆)ဝါ အထူးစိုက်ပျိုးခဲ့သည့် ကျေးရွာများ ဖြစ်သည်။

အဖိုးတန်တောကြီး

အလယ်ကျွန်းရွာကိုလွန်သော် တောင်ကို စတင်၍တက်ရသည်။ ဤတောင်သည် အလယ်ရိုးမ၏ တောင်တန်းတောင်စွယ်များပင် ဖြစ်သည်။ တောင်တန်း၏ အမြင့်ဆုံး နေရာသည် ပေ၂၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ တောင်တန်း၏ အမြင့်ဆုံးနေရာမှ အရပ်ရှစ်မျက်နှာသို့ ရှုကြည့်မိသည်။ အချို့နေရာများတွင် လယ်ကွင်းများ၊ အချို့နေရာတွင် တောတောင်များ၊ အချို့နေရာကား ဆင်သေရေလှောင်တမံ၏ စိမ်းပြာပြာရေပြင်များ တွေ့ရလေသည်။ အလွန်သာမောဖွယ်ကောင်းလှသည့် ရှုခင်းများပင်ဖြစ်၏။ ထိုတောင်ထိပ်၌ ပုဒ်မ၁၄၄ ထုတ်ပြန်ထားသော ဆိုင်းဘုတ်ကို တွေ့ရသည်။ သစ်တောဦးစီးဌာနက ရိုးမတောင်တန်း တောင်စွယ်များတစ်လျှောက် သစ်တောများ ပြုစုထူထောင်နေချိန်ဖြစ်၍ နွားကျောင်းခြင်း၊ တောမီးရှို့ခြင်းနှင့် သစ်ခုတ်ခြင်းမပြုရန် တားမြစ်နယ်မြေအဖြစ် သတ်မှတ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် တောင်ကြောတစ်လျှောက်တွင် အင်၊ ကညင်၊ ကျွန်း စသော အဖိုးတန်သစ်မာပင်များ၊ ခြေသလုံး၊ လက်မောင်းလုံး အရွယ်အပင်များ တွေ့ရသည်။ ထိုအပင်များအား ခုတ်လှဲခြင်းမပြုဘဲ ထိန်းသိမ်းထားနိုင်လျှင် လာမည့် ဆယ့်လေးငါးနှစ်အတွင်း အဖိုးတန်တောကြီး ဖြစ်လာနိုင်ပေသည်။

သတင်းအဖွဲ့သည် ထိုတောင်ထိပ်မှ တောင်အောက်သို့ဆင်းခဲ့ရာ ဆင်သေရေလှောင်တမံကြီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လေသည်။ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်စန်းက ရှင်းပြသည်။

ဖွင့်လှစ်ပေး

"ကျွန်တော်တို့ ဒီဆင်သေရေလှောင်တမံကြီးဟာ အလယ်ရိုးမနှင့် ရှမ်းရိုးမအကြား စစ်တောင်းမြစ်ဝှမ်းစီမံကိန်းအရ ပေါ်ပေါက်လာခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီစစ်တောင်းမြစ်ဝှမ်းစီမံကိန်းအရ ဆင်သေရေလှောင်တမံကြီးနဲ့အတူ ကင်းသာ၊ မုန်၊ ပေါင်းလောင်း၊ ပသိ၊ ရဲနွယ်ရေလှောင်တမံတွေကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဆင်သေရေလှောင်တမံကြီးကိုတော့ ၁၉၉၉-၂၀၀၀ပြည့်နှစ်မှာ ပြီးစီးအောင် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒီဆင်သေရေလှောင်တမံကြီးက လယ်မြေ ဧက၁၂၄၀၀ကို စိုက်ပျိုးရေ ဖြန့်ဖြူးပေးနိုင်ပါတယ်။ ဒီရေလှောင်တမံကြီးရဲ့ ကျေးဇူးကြောင့် ယခုအခါမှာ မိုးစပါး ဧက၁၅၀၀၀ နဲ့ နွေစပါးဧက၁၀၀၀၀ အတွက် စိုက်ပျိုးရေ ပေးဝေလျက်ရှိပါတယ်"ဟု ဦးခင်မောင်စန်းက ရှင်းပြသည်။

ဆင်သေရေလှောင်တမံ၏ ရေထုတ်ပြွန်။
(မြန်မာ့အလင်း)

မြေသားတမံ

ဆင်သေရေလှောင်တမံ၏ အမျိုးအစားမှာ မြေသားတမံဖြစ်ပြီး တမံအလျား ပေ၁၃၅၀ ရှိသည်။ တမံအမြင့်မှာ ၁၀၉ပေ ဖြစ်သည်။ ရေဆင်းဧရိယာမှာ စတုရန်းမိုင်ပေါင်း ၃၀၈မိုင် ကျယ်ဝန်းသည်။ နှစ်စဉ် စီးဝင်ရေ ဧကပေ ၁၁၀၀၀၀ ရှိကြောင်း သိရသည်။ ကန်ရေပြည့်ရေလှောင်နိုင်သည့် ပမာဏမှာ ဧကပေ၁၄၃၈၉၀ ရှိပြီး ကန်ရေသေ ရေလှောင်ပမာဏမှာ ၁၇၃၀၃ဧကပေ ဖြစ်သည်။ ကန်ရေပြည့် ရေဝင်အကျယ်မှာ ၁၂ဒသမ ၉စတုရန်းမိုင် ရှိသည်။ ရေထုတ်ပြွန်အမျိုးအစားမှာ သံကူကွန်ကရစ်၊ ရေထုတ်ပြွန် အလျားမှာ ပေ ၅၀၀ ဖြစ်သည်။ ရေပိုလွှဲကို ပေ၁၁၀ အကျယ်အထိ ပြုလုပ်ထားသည်။

ယခုအခါ နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ လူမှုဘဝ စီးပွား မြင့်မားရေးအတွက် အဓိက အရေးကြီးဆုံးအချက်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများ အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ပြီဖြစ်သည်။ တပ်မတော်အစိုးရလက်ထက် တည်ဆောက်ပေးနိုင်ခဲ့သည့် ဆည်တမံပေါင်း ၂၁၈ခုအထိပင် ရှိလာခဲ့ပြီဖြစ်သည်။ ထိုအထဲတွင် ဆင်သေရေလှောင်တမံသည်လည်း အပါအဝင်ဖြစ်သည်။ ဤရေလှောင်တမံကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့မှုကြောင့် ယခုအခါ ဒေသခံကျေးလက်ပြည်သူများ စိုက်ပျိုးရေးကိုအခြေခံ၍ လူမှုစီးပွား တိုးပွားလျက်ရှိနေပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

နိုင်ငံတော်အနေနဲ့ ဒီစစ်တောင်းမြစ်ဝှမ်း စီမံကိန်းအရ ဆင်သေရေလှောင်တမံကြီးနဲ့အတူ ကင်းသာ၊ မုန်၊ ပေါင်းလောင်း၊ ပသိ၊ ရဲနွယ် ရေလှောင်တမံတွေကို တည်ဆောက်ဖွင့်လှစ်ပေးနိုင် ခဲ့ပြီ ဖြစ်ပါတယ်။

တောတောင်ရှုခင်းနှင့် စိုက်ခင်း

နေပြည်တော်တပ်ကုန်း ဆင်သေရေလှောင်တမံကြီးအနီး မြင်တွေ့ရသည့် တောတောင်ရှုခင်းနှင့် စိုက်ခင်းများ။
(မြန်မာ့အလင်း)

တင်ပို့ရောင်းချ

ဆင်သေရေလှောင်တမံ၏ ကျေးဇူးကြောင့် နေပြည်တော်တပ်ကုန်းမြို့နယ် သူဌေးကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမပေါ်တွင် ပန်းဂေါ်ဖီများ နေ့စဉ် ကားတစ်တန်၊ လှည်းတစ်တန်ဖြင့် ဤသို့ တင်ပို့ရောင်းချနိုင်ကြပေပြီ။ (မြန်မာ့အလင်း)

24-2 (12).pmd 1 2/24/2009, 2:25 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

၎င်းစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖေဖော်ဝါရီလ ၂၁ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံလျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရတနာပစ္စည်းများနှင့်ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်ရန် ရတနာပစ္စည်းများ	ကိုယ်တိုင်ကိုယ်ကျ ထည့်သွင်းပူဇော်နိုင်ရန် ပန်းထိမ်အဖွဲ့များ တစ်ပါတည်း ထားရှိပေးမည်။
(၂)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ် ၁၆၂၀၀၀၀ နှုန်း
(၃)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တွင် ရတနာပစ္စည်းများ ထည့်သွင်းပူဇော်လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်၊ ဓမ္မာရုံရှိ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အိပ်မက်မပျက်ပြယ်သေးတဲ့ ဘင်နီတက်ဇ်

မောင်မောင်မြင့်ဆွေ ရေးသား၍ ဟန်စိုး စာမျက်နှာဖွဲ့စည်းသည်

ပရီမီယာလိဂ်ပွဲစဉ် (၂၆)မှာ လီဗာပူးတို့ မန်စီးတီးကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး ပရီမီယာလိဂ်ဖလား ရယူရေးမျှော်မှန်းချက် ထိခိုက်သွားပြီဆိုတဲ့ ဝေဖန်ပြစ်တင်မှုတွေကို နည်းပြဘင်နီတက်ဇ်က ချက်ချင်းပယ်ချလိုက်ပါတယ်။

မန်စီးတီးကို သရေပွဲဖြစ်ခဲ့လို့ လီဗာပူးဟာ ထိပ်ဆုံးက မန်ယူနဲ့ပွဲတူ ခုနစ်မှတ်ကွာသွားခဲ့ပြီဖြစ်ပေမယ့် ဒီအခြေအနေဟာ ပရီမီယာလိဂ်ဖလား ရယူရေးအတွက် သေချာပေါက်အတိအကျ သုံးသပ်ဆုံးဖြတ်လို့ မရနိုင်သေးပါဘူးလို့ ဘင်နီတက်ဇ်က ဆိုလိုက်ပါတယ်။

စောလွန်းနေ

လီဗာပူးဟာ ဒီနှစ်ပရီမီယာလိဂ်ပွဲစဉ် ၂၆ပွဲ ကစားပြီးတဲ့အချိန်မှာ မန်ယူနဲ့အတူ အိမ်ကွင်းရှုံးပွဲ မရှိသေးတဲ့အသင်း ဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာ အိမ်ကွင်းရှုံးပွဲလုံးဝမရှိသေးတဲ့အသင်းတွေက မန်ယူနဲ့ လီဗာပူးတို့ပဲဖြစ်ပြီး ဒီနှစ်သင်းပဲ ဖလားရရှိရေးအတွက် ရေပန်းအစားဆုံးဖြစ်နေပြီလို့ ဝေဖန်သုံးသပ်နေကြပေမယ့် ဒါဟာ အချိန်စောလွန်းနေပါသေးတယ်လို့ ဘင်နီတက်ဇ်က ပြောကြားနေပါတယ်။

လက်ရှိအနေအထားကိုကြည့်ရင် ချယ်လ်ဆီးဟာ ထိပ်ဆုံးက မန်ယူနဲ့ပွဲတူ ၁၀မှတ်ကွာနေသလို စတုတ္ထနေရာက ဗီလာကလည်း မန်ယူနဲ့ပွဲတူ ၁၁မှတ်ကွာနေပြီး ပဉ္စမနေရာက အာဆင်နယ်က မန်ယူနဲ့ပွဲတူ ၁၇မှတ် ကွာနေပါတယ်။

လက်ရှိအခြေအနေနဲ့ပတ်သက်ပြီး ဘင်နီတက်ဇ်က မန်ယူကိုကျော်ဖြတ်ဖို့ အခက်အခဲရှိတယ်ဆိုတာ ကျွန်တော်ဝန်ခံပါတယ်။ လက်ရှိအနေအထားမှာ မန်စီးတီးကို ကျွန်တော်တို့ သရေပွဲမဖြစ်သင့်ပါဘူး၊ ဒီရလဒ်ဟာ ထိခိုက်မှုရှိခဲ့တာတော့ အမှန်ပါပဲ။ ဒါပေမယ့် ပရီမီယာလိဂ်ဖလား ရယူရေးအတွက်ကတော့ မျှော်လင့်ချက်ရှင်သန်နေဆဲပါလို့ ဘင်နီတက်ဇ်က ဆိုလိုက်ပါတယ်။

ပြောကြား

လီဗာပူးအသင်းဟာ လာမယ့် မတ် ၁၄ရက်မှာ မန်ယူနဲ့ထိပ်တိုက်ရင်ဆိုင်ကစားရမယ့် ပွဲစဉ်ရှိနေပါတယ်။ ဒီပွဲစဉ်နဲ့ပတ်သက်ပြီး ဘင်နီတက်ဇ်က **"ဒီပွဲမှာ ကျွန်တော်တို့နှစ်သင်းအတွက် ပရီမီယာလိဂ်ဖလားရရှိရေး တိကျတဲ့အဖြေတစ်ခု ထွက်ပေါ်လာမှာ သေချာပါတယ်"**လို့ ဘင်နီတက်ဇ်က ပြောကြားလိုက်ပါတယ်။

ခြေချော်လက်ချော်

မန်ယူအသင်းဟာ ခြေချော်လက်ချော်ဖြစ်နိုင်တဲ့ ပွဲစဉ်တွေရှိနေပါသေးတယ်။ ပရီမီယာလိဂ်ဖလားအတွက် အခုအချိန်အထိ ကျွန်တော့်ကစားသမားတွေရဲ့ စိတ်ထဲမှာ မျှော်လင့်ချက်တွေ ဆူဝေနေဆဲ ဖြစ်တာမို့ ကျွန်တော်တို့အိပ်မက်မပျက်ပြယ်သေးပါဘူးလို့ ဘင်နီတက်ဇ်က ပြောကြားခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကိုးကား-အင်တာနက်

မာဆေးအိုးပင်း တင်းနစ်ဖလား ပြင်သစ်မှ တီဆွန်ဂါဆွတ်ခူး

လန်ဒန် ဖေဖော်ဝါရီ ၂၃

ပြင်သစ်နိုင်ငံ၌ ကျင်းပသော မာဆေးအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ဂျိုဝီလ်ဖရီယက်ဒ် တီဆွန်ဂါသည် ပြိုင်ဘက် မိုက်ကယ်အယ်လ်လိုဒရာအား၇-၅၊၇-၆ဖြင့် အနိုင်ရရှိပြီး မာဆေး အိုးပင်းဆုဖလားကို ဆွတ်ခူးခဲ့သည်။

ဖိအားပေး

ယခုလစောစောပိုင်းက တောင်အာဖရိက အိုးပင်းတင်းနစ်ဆုဖလားကို ဆွတ်ခူးရရှိထားသူ ပြင်သစ်အဆင့် (၄) တင်းနစ်သမား တီဆွန်ဂါသည် ယှဉ်ပြိုင်ချိန် ၁နာရီ ၄၃မိနစ်အတွင်း ပြိုင်ဘက် အယ်လ်လိုဒရာ၏ ဖိအားပေးခြိမ်းခြောက်မှုကို ခံခဲ့ရသည်။ အသက် ၂၃နှစ်အရွယ်ရှိ တီဆွန်ဂါသည် ယင်းဆုဖလားကိုရရှိရန် ယှဉ်ပြိုင်ရသည့် ပွဲစဉ်တစ်လျှောက်လုံးတွင် ၁၁ပွဲစလုံး ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့သူဖြစ်သည်။ **(အင်တာနက်)**

အဲဗာတန်ကွင်းလယ်မှ အာတီတာ ဒူးဒဏ်ရာရ

လန်ဒန် ဖေဖော်ဝါရီ ၂၃

အဲဗာတန် ကွင်းလယ်ကစားသမား အာတီတာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၂ ရက်က နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားသောပွဲစဉ်တွင် ဒူးဒဏ်ရာကြောင့် ကွင်းပြင်သို့သယ်ထုတ်ခဲ့ရပြီးနောက် ၎င်း၏ ဒဏ်ရာအဖြေကို အသင်းက ရင်တမမဖြင့် စောင့်မျှော်လျက်ရှိသည်ဟု သတင်း၌ ဖော်ပြသည်။

အသက်၂၆နှစ်ရှိ အာတီတာသည် ဂိုးမရှိသရေကျသော ယင်းပွဲစဉ်၌ အခန့်မသင့်စွာ လဲကျပြီးနောက် ယင်းကဲ့သို့ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

အော်တိုသမားများ၏ပစ်မှတ် မန်ယူအသင်းဖြစ်လာ

လန်ဒန် ဖေဖော်ဝါရီ ၂၃

မန်ယူအသင်းသည် အော်တိုရေးခိုင်းသူများ၏ ပစ်မှတ်ဖြစ်လာသဖြင့် ကစားသမားများအား ၎င်းတို့၏လေ့ကျင့်ကွင်းတွင် ဝါသနာရှင်ပရိသတ်များအား အော်တိုရေးပေးခြင်းကို တားမြစ်ကာ စည်းကမ်းပြဋ္ဌာန်းခြင်းကို ဖေဖော်ဝါရီ ၂၂ရက်က ပြုလုပ်ခဲ့သည်။

မန်ယူနည်းပြ ဖာဂူဆန်သည် ယင်းစည်းကမ်းကို မန်ယူက ဘလက်ဘန်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသော ပွဲစဉ်တွင် ယင်းသို့ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

အပျော်တမ်းဂေါက်သီးသမား ဒန်နီလီ ဂျော်နီဝေါ့လ်ကား ဆုဖလားဆွတ်ခူး

လန်ဒန် ဖေဖော်ဝါရီ ၂၃

ပါ့သ်မြို့တွင်ကျင်းပသော ဂျော်နီဝေါ့လ်ကား ကလပ်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နယူးဇီလန်ဆယ်ကျော်သက် အပျော်တမ်းဂေါက်သီးသမား ဒန်နီလီသည် ဆုဖလားဆွတ်ခူးလိုက်ခြင်းဖြင့် ဥရောပတိုးဂေါက်သီးသမိုင်း၌ အသက်အငယ်ဆုံး ဂေါက်သီးချန်ပီယံဖြစ်လာသည်။

လီသည် နောက်ဆုံးခြောက်ကျင်းအနက် လေးကျင်း၌အသာစီးရခဲ့သဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၇ချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၆၇ချက်ဖြင့် ဆုဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

လာမည့်တင်းနစ်ရာသီ၌ အောင်မြင်မှုရရေး ဒူဘိုင်းအိုးပင်းပြိုင်ပွဲ၌ မာရေးဆက်လက်ယှဉ်ပြိုင်

လန်ဒန် ဖေဖော်ဝါရီ ၂၃

လာမည့်တင်းနစ်ရာသီအစတွင် အောင်မြင်မှုရရန်အတွက် ဗြိတိသျှအဆင့် (၁)ရှိ အန်ဒီမာရေးသည် ဖေဖော်ဝါရီ ၂၃ ရက်က ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ၌ ဆက်လက်ပါဝင်ယှဉ်ပြိုင်ခဲ့သည်ဟု သတင်း၌ဖော်ပြသည်။

အသက် ၂၁နှစ်အရွယ်ရှိ စကော့လူမျိုး မာရေးသည် ယခုနှစ်တွင် ကာတာအိုးပင်းနှင့် ကမ္ဘာ့တင်းနစ်ဆုဖလားများကို ဆွတ်ခူးရရှိထားသူဖြစ်သည်။ **(အင်တာနက်)**

မင်ဖစ်အိုးပင်းတင်းနစ်ဖလား ဒုတိယအကြိမ် ရော့ဒစ်ခ်ဆွတ်ခူး

လန်ဒန် ဖေဖော်ဝါရီ ၂၃

တင်းနစ်ကြယ်ပွင့် အန်ဒီရော့ဒစ်ခ်သည် ပြိုင်ဘက် ရာဒက်ခ်စတီပါနက်ခ်အား အနိုင်ရရှိခဲ့ပြီးနောက် ၎င်း၏ဒုတိယအကြိမ်မြောက် မင်ဖစ်ချန်ပီယံရှစ် တင်းနစ်ဆုဖလားကို ဆွတ်ခူးခဲ့ပြီဖြစ်သည်။

အသက် ၂၆နှစ်ရှိ ရော့ဒစ်ခ်သည် ပြိုင်ဘက်ချက်တင်းနစ်သမား စတီပါနက်ခ်အား ၇-၅၊ ၇-၅ဖြင့် နှစ်ပွဲပြတ် အနိုင်ရရှိကာ ဆုဖလားကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ချစ် စိုး နိုင် စု စည်း ရေး သား သည်

အေစီမီလန်က ဘက်ခမ်းအားခေါ်ယူရေး မတင်မကျအခြေအနေ ရှိနေဆဲ

လန်ဒန် ဖေဖော်ဝါရီ ၂၃

အေစီမီလန်အသင်းသည် စီးရီးအေဇယားထိပ်ဆုံးမှ မြို့ခံပြိုင်ဘက် အင်တာမီလန်ကို ရှုံးနိမ့်ခဲ့ကာ မျှော်လင့်ချက်မေးမှိန်ခဲ့ရချိန်တွင် ဆန်စီရိုကွင်း၌ ကာဂလီယာရီအား တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ပြန်လည်သက်ဝင် လှုပ်ရှားလာခဲ့သည်။

ယင်းပွဲစဉ်တွင် ဆီးဒေါ့ဖ်က ၆၅ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ပြီး ဝါဒါဘရီမင်နှင့်ကစားစဉ် ဒဏ်ရာရရှိခဲ့သော ဒေးဗစ်ဘက်ခမ်းသည် ပွဲချိန်ပြည့်နီးပါး ပါဝင်ကစားခဲ့သည်။ မီလန်က အမေရိကန် မေဂျာလိဂ်ဘောလုံးကလပ် အယ်လ်အေဂလက်ဆီ ကွင်းလယ်ကစားသမား ဘက်ခမ်းအား အမြဲတမ်းစာချုပ်ခေါ်ယူလိုသော်လည်း ယနေ့တိုင်သဘောတူညီမှု မရှိခဲ့ကြသေးဘဲ မတင်မကျ အခြေအနေ၌သာရှိနေဆဲဖြစ်သည်။ (အင်တာနက်)

ဆောင်းမြေပဲနှင့် နေကြာသီးညှပ်စိုက်ခင်း လင်းခေးမြို့နယ်၌ အောင်မြင်ဖြစ်ထွန်း

လင်းခေး ဖေဖော်ဝါရီ ၁၈

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်သည် မြို့နယ်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် စိုက်တိုးမြှင့်အဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ရက် နံနက် ၈နာရီက လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာနေတောင်သူ ဦးတာယာ၏ လယ်ပုန်းထွန်(ရွာမ) ကွင်းအမှတ် ၁၁တွင် စိုက်ပျိုးထားသော ဆောင်းမြေပဲနှင့် နေကြာသီးညှပ်စိုက်ခင်းဧက ၁၀၀ကို သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား စိုက်ပျိုးရေး နည်းပညာပိုင်းဆိုင်ရာများကို ဆွေးနွေးကြသည်။ **(ယာပုံ)**

အောင်မြင်

အဆိုပါ စိုက်ကွင်းရှိ ဆောင်းမြေပဲနှင့် နေကြာသီးညှပ်စိုက်ခင်းတို့မှာ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး လင်းခေးမြို့နယ်၏ ၂၀၀၈-၂၀၀၉ခုနှစ် ဆောင်းမြေပဲစိုက်ပျိုးဧက ၁၃၃၀နှင့် နေကြာသီးညှပ် ၄၂၆ဧကတို့ကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ချောက် မြို့ သရက်ကုန်း-သစ်တိုကန် မြေသားလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ခရိုင်ငါးသယံဇာတထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ရက်က မော်လမြိုင်မြို့နယ် မန္တလေးရပ်ကွက် အတ္တရံဟိုတယ်အနီး သဲပုံဆိပ်(ငါးဖမ်းလှေဆိပ်)၌ ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်ခရိုင် ငါးသယံဇာတ ထိန်းသိမ်းရေးအဖွဲ့ ခေါင်းဆောင် ဦးမောင်စိုးနှင့် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးသက်ဦးတို့က ရေလုပ်သားများအား ယခုအချိန်အခါတွင် ငါးသယံဇာတ ထိန်းသိမ်းရေးကိစ္စများ ဆောင်ရွက်ရန် လိုအပ်ပုံနှင့် ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်ပေးနေပုံတို့ကိုလည်းကောင်း**(အောက်ပုံ)**၊ မျိုးသုဉ်းမှုမှ ကာကွယ်ရန်အတွက် ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုရန် တားမြစ်ထားသည့် လိပ်များ၊ ငါးမန်းများစသည့် တားမြစ်ရေသတ္တဝါများအကြောင်းကိုလည်းကောင်း အသိပညာပေး ဟောပြောကြပြီး ငါးသယံဇာတ ထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် တားမြစ်ထားသည့် ဘက်ထရီရှော့တိုက် ငါးဖမ်းခြင်းအပါအဝင် တားမြစ်ထားသည့် ငါးဖမ်းနည်းများဖြင့် ဖမ်းဆီးခြင်းမပြုရန် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၉၆၄)တွင် ဖေဖော်ဝါရီ ၅ရက်က မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲ ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်စိုး ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာရေးသင်တန်းဆင်းပွဲ ပေါင်မြို့၌ကျင်းပ

ပေါင် ဖေဖော်ဝါရီ ၁၀

ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်ခဲ့သော လူထုကျန်းမာရေး လုပ်သားသင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ရက် နံနက်၁၁နာရီက ပေါင်မြို့ မြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပေါင်မြို့နယ် ဆရာဝန်ကြီး ဒေါက်တာခင်စုစုဟန်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ပေါင်မြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄စု တို့မှ သင်တန်းသား သင်တန်းသူ ၃၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလ ရက်သတ္တ သုံးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ (၁၇၆)

ရေတာရှည်မြို့နယ်၌ နေခြည်ဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရေတာရှည် ဖေဖော်ဝါရီ ၂၂

ရေတာရှည်မြို့နယ် နှောပင်ကျေးရွာ နေခြည်ဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းနှင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းနှင်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှင်းလင်းပြောကြားသည်။

ပေးအပ်

ယင်းနောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးထွေးမောင်က စာပေနှင့် ဘဝအကြောင်း ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်၂၀၊ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းနှင်းက သုတရသ စာအုပ်မျိုးစုံအုပ် ၅၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြင့်က စာအုပ် ၂၀ တို့ကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် အဖွဲ့ပိုင် ဗိုလ်တေဇပန်းခြံရှေ့ရေမြောင်းကျောက်ရိုးစီခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ဇန်နဝါရီ ၆ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သံဖြူဇရပ်၌ဟောပြော

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၅

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းဟောပြောခြင်းနှင့် အဖွဲ့ဝင်အဆိုပြုလွှာ၊ အဖွဲ့ဝင်လက်မှတ်နှင့် ရင်ထိုးတံဆိပ်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ရက် နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက အမှာစကားပြောကြားသည်။

ဟောပြော

ထို့နောက် သံဖြူဇရပ်မြို့နယ်အတွင်းမှ အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ အစောင်၅၀၀ကို မြို့နယ်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌအား ပေးအပ်ပြီး မွန်ပြည်နယ်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက အဖွဲ့ဝင်ရင်ထိုးတံဆိပ်နှင့် အဖွဲ့ဝင်လက်မှတ်များကို ပြန်လည်ပေးအပ်သည်။ ထို့နောက်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြင့်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း ဟောပြောသည်။

ဆက်လက်၍ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် သံဖြူဇရပ်မြို့ အထက (၁)နှင့် အထက(၂)တို့တွင် ဘာသာရပ်ဆိုင်ရာများ သင်ကြားပို့ချနေမှုများကို သွားရောက် ပံ့ပိုးပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးညှင်းမြို့၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

မိုးညှင်း ဖေဖော်ဝါရီ ၁၅

မိုးညှင်းမြို့နယ် ဟံလုကျေးရွာအုပ်စု သီတာရွာရပ်မိရပ်ဖများနှင့် အလှူရှင်များစုပေါင်း၍ ငွေကျပ်သိန်း ၃၅၀ ကုန်ကျခံဆောင်ရွက်သော စာသင်ခန်း ငါးခန်းပါ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းအပ်နှင်းပွဲနှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ရက် နံနက် ၉နာရီက အဆိုပါ အမကကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ပညာရေးမှူး ဦးထိန်ဝင်းနှင့် ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝင်းက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဦးထိန်ဝင်းသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်လှိုင်က ငွေကျပ်ငါးသောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်က ငွေကျပ်ငါးသောင်းကို သီတာ အမက ကျောင်းအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးသို့ ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး သစ်ပင်ပျိုးပွဲ မင်းလှ၌ ကျင်းပ

မင်းလှ ဇန်နဝါရီ ၁၈

ပဲခူးတိုင်း(အနောက်ပိုင်း) ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်း ၂၀၀၉ခုနှစ် သစ်ပင်ပျိုးပွဲတော်ကို ဇန်နဝါရီ ၄ရက် နံနက် ၁၁နာရီက သာယာဝတီခရိုင် မင်းလှမြို့နယ် သစ်တောဦးစီးဌာန ရွှေဝါမြိုင် ပျိုးဥယျာဉ်၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း) ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးလက်ပြည်သူများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းက ၂၀၀၉ခုနှစ် သစ်ပင်ပျိုးပွဲတော် ကျင်းပရခြင်းကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်း(အနောက်ပိုင်း)အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အိမ်ရာ

ယင်းနောက် သစ်ပင်မျိုးစေ့များကို ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တာဝန်ရှိသူများက ပျိုးအိတ်များတွင်ထည့်သွင်းပြီး ယူကလစ်သစ်ဖြင့် ဆောက်လုပ်ထားသောအိမ်ရာကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၄ရက်က ချမ်းအေးသာစံမြို့နယ် ၃၃လမ်းနှင့်၃၄ လမ်းကြားတွင် တည်ဆောက်လျက်ရှိသော ရတနာပုံစူပါစင်တာနှင့် ရတနာပုံဒိုင်းမွန်းပလာဇာတည်ဆောက်ရေးလုပ်ငန်းခွင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၀၃)

ရွှေမျိုးဆက်စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားနှင့် စာပေဟောပြော

စဉ့်ကူး ဖေဖော်ဝါရီ ၁၆

စဉ့်ကူးမြို့နယ် ရောက်ပင်ရိုးကျေးရွာအုပ်စု ကံတောင်ကျေးရွာ ရွှေမျိုးဆက်စာကြည့်တိုက်၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားနှင့် အထိမ်းအမှတ်စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၅ရက် မွန်းတည့် ၁၂နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လူနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ညပိုင်းတွင် စာရေးဆရာနေဝင်းမြင့်၊ သန်လျင်မောင်မောင်ဦးနှင့်ဆရာမခင်ခင်ထူးတို့က စာပေရေးရာ သိကောင်းစရာများ ဟောပြောကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နောင်တရားမြို့ ခတ္တာလမ်း ကျောက်ချောလမ်းဖွင့်

နောင်တရား ဖေဖော်ဝါရီ ၂၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ခင်းကျင်းပြီးစီးသွားသည့် အမှတ်(၁)ရပ်ကွက် ခတ္တာလမ်းအပိုင်း(၂) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက အဆိုပါလမ်းရှိ မုခ်ဦးရှေ့၌ ကျင်းပရာ နောင်တရားမြို့နယ် အုပ်ချုပ်ရေးမှူးဦးညီညီအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးသန်းထွန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါခတ္တာလမ်းအပိုင်း(၂) ကျောက်ချောခင်းလမ်းအရှည်မှာ ပေ ၆၃၀×၁၂ပေဖြစ်ပြီး ငွေကျပ်သိန်း ၃၀ဖြင့် အကုန်အကျခံ၍ တည်ဆောက်ခြင်းဖြစ်သည်။ (၀၂၂)

အမြို့မြို့ အနယ်နယ် သတင်းများ

ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၂၂) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက ၂၀၀၄-၂၀၀၅ မှ ၂၀၀၈-၂၀၀၉ အထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ စတုတ္ထတန်းမှ မောင်ဘုန်းမင်းသန့်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသော အားဖြင့် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်သော ကန်တော် ကျေးရွာ လေးလက်မ စက်ရေတွင်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်ကအဆိုပါကျေးရွာရှိ စက်ရေတွင်း၌ ကျင်းပရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးလတ်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမျိုးသိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေစကြိုမြို့၌ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းဖွင့်လှစ်

ရေစကြို ဖေဖော်ဝါရီ ၈

ရေစကြိုမြို့နယ်အတွင်း ခရီးသွားပြည်သူများ အဆင်ပြေ ချောမွေ့စေရေးအတွက် ရေစကြို-တမာတန်း-ပခုက္ကူမှ ရန်ကုန်သို့ အောင်ကျော်မိုး၊ သန်းကြွယ် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး ယာဉ်လိုင်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀နာရီက ကျင်းပရာ အဆိုပါကားဂိတ်မှ ဦးမြင့်ဆန်းနှင့် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်ကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ခရီးစဉ်ကို ဇန်နဝါရီ၁၅ရက် နံနက်၁၀နာရီမှ စတင်၍ တစ်ရက်ခြားပြေးဆွဲလျက်ရှိသည်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၇ရက်က ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖျာပုံခရိုင်အခွန်ဦးစီးဌာနမှူးရုံးက ကြီးမှူးကျင်းပသည့် ဖျာပုံမြို့ပေါ်ရှိ အခွန်ထမ်းပြည်သူများ၊ လုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်ပိုင်ရှင်များအား အခွန်အရပ်ရပ်ဆိုင်ရာ ပညာပေးဟောပြောပွဲကို ဖျာပုံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ ဖျာပုံခရိုင်အခွန်ဦးစီးဌာနမှူး ဦးတင်မောင်ဆွေ ပညာပေး ဟောပြောစဉ်။ (၁၅၅)

ကျောင်းကုန်းမြို့နယ်၌ ကျေးရွာဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၀

(၆၂)မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာဥက္ကဋ္ဌဖလား အသက်(၁၅)နှစ်အောက် အမျိုးသားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက် ညနေ ၃ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာတွင် ကျင်းပရာ မရမ်းချောင်ကျေးရွာ ဘောလုံးအသင်းနှင့် ကျောင်းကုန်းဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မရမ်းချောင်ကျေးရွာ ဘောလုံးအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ပထမဆုဖလားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ပေးအပ်ပြီး ကျေးရွာဥက္ကဋ္ဌဦးစိုးသိန်းက ပထမဆုနှင့် ဒုတိယဆုတို့ကို ပေးအပ်သည်။ **(အောက်ပုံ)** (၁၅၄)

အရန်မီးသတ်နှင့် အင်အားတိုးချဲ့ဖွဲ့စည်းပွဲ ပြင်ဦးလွင်မြို့ ပဒေသာကွက်သစ်၌ ကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၅

ပြင်ဦးလွင်မြို့ ပဒေသာကွက်သစ် ရပ်ကွက်ကြီး(၈) အရန်မီးသတ်နှင့် အင်အားတိုးချဲ့ဖွဲ့စည်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ၉ရက် နံနက် ၁၀နာရီက ရပ်ကွက်ကြီး (၈) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်အားပေးကြသည်။

ပြောကြား

ရှေးဦးစွာ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ရင်က အရန်မီးသတ်အင်အား များလာပြီဖြစ်၍ အသစ်ထပ်မံတိုးချဲ့ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်နှင့် ပြည်သူများအသက်အိုးအိမ် မီးဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်နိုင်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကူညီရေးစသည့် ရည်ရွယ်ချက်များ ထားရှိကြရန် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက မီးသတ်သင်တန်းနှင့် အဖွဲ့ဝင်တို့၏ စည်းကမ်းများ ပြောကြားကြောင်း သိရသည်။ (၀၈၈)

မိုးညှင်းမြို့ အုတ်ကျင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

မိုးညှင်း ဖေဖော်ဝါရီ ၂၀

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော အုတ်ကျင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်၈နာရီက အုတ်ကျင်းလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိန်ထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးဇော်မင်းဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါကတ္တရာလမ်းသည် အကျယ် ၁၂ပေ၊ အရှည်ပေ၁၄၀၀ရှိပြီး ငွေကျပ် ၇၄၇၈၀၀၀အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။**(မြို့နယ် ပြန်/ဆက်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါအမှတ်-၅၉/မမ/ပတ/ပြန်ကြားရေး/၀၈-၀၉

ပစ္စည်းအမျိုးအမည်	အရေအတွက်
Non Linear Editing System (Computer System Component 1 Set, HVR 1500 HDV-VTR-1 No, TV 14"-1 No)	1 Set

ချိပ်ပိတ်တင်ဒါပိတ်ရက်/အချိန် - ၂၇-၂-၂၀၀၉ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၂-၂၀၀၉ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၉၉၄၊ ၂၉၁၉၈၅။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ-

(က) အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်မော်တာစက်ရုံအတွက် Duet Line ပြုပြင်ခြင်းလုပ်ငန်းအတွက် ကုန်ကြမ်း(၁၀)မျိုး

(ခ) စက္ကူထုပ်ပိုးပစ္စည်းစက်ရုံအတွက် လိုအပ်သော 270 GSM Duplex Paper အချပ် ၂၅၀၀၀

(ဂ) စက်ဘီးစက်ရုံ(ရန်ကုန်)အတွက် ၂၆လက်မ မစီး စက်ဘီး အစီး ၁၄၀၀၀စာ ထုတ်လုပ်ရာတွင် လိုအပ်သောကုန်ကြမ်းနှင့် Components များ ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၆-၃-၂၀၀၉ရက်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့် အချက်အလက်များအား အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ်-၀၆၇-၄၀၈၃၄၀နှင့် ၀၁-၅၃၀၄၄၁တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့ ကံသာရပ်ဘုရားကြီးတက်လမ်း၊မ(၈၁)နေ ဦးချစ်လွင်-ဒေါ်မိုးမိုးအေးတို့၏ သားကြီး မောင်ဟန်မြတ်အောင် ၁၃/တကန(နိုင်)၂၀၉၅၆၃သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၄င်းနှင့် ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးချစ်လွင်-ဒေါ်မိုးမိုးအေး။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဖြစ်သူ မနွေဦးမော် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/မဆန(နိုင်)၀၂၀၃၈၀ကိုင်ဆောင်သူသည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်၍ နောက်နောင်တွင် ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးဝင်း ၁၃/တကန(နိုင်)၀၅၆၈၂၇၊
ဒေါ်နန်းပန် ၁၃/မဆန(နိုင်)၀၀၁၂၁၈။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ်(၈)နေ၊ ဦးမောင်အေး ၁၂/တမန(နိုင်) ၀၅၁၂၀၈ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမောင်အေးသည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၂၀/က)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက် အမှတ်(၃၄-စီ)၊မြေကွက်အမှတ်(၈/ဘီ၊၅) ဧရိယာ ပေ(၁၀၀×၁၀၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ဆဲတိုက်ခန်းများအနက် ကန်ထရိုက်တာ ဦးအောင်ကျော်မိုး ၁/မကတ(နိုင်) ၀၆၄၆၄၁ရရှိမည့် တိုက်ခန်းငါးခန်းအနက် လေးခန်းတွဲ ရှစ်ထပ်အဆောက်အအုံ၏ ဝဲဘက်ခြေရင်းခြမ်းရှိ ဆဋ္ဌမထပ်(အခြားနည်းခေါ်-ခုနစ်လွှာ/အေ)နှင့် ဘီ(အခန်းနှစ်ခန်း) (၃၅×၃၈)ပေအခန်းများကို ၁၆-၂-၂၀၀၉ရက်တွင် အပြီးအပိုင်ငွေချေပြီး ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၁၃)၊ အခန်း(၈)၊ ရှစ်လွှာ(၁၆×၆၀)ပေ ခြေရင်းခန်းတစ်ခန်းကို ပိုင်ဆိုင်သူ ဦးခင်မောင်စိုး ၁၂/အစန(နိုင်)၀၈၄၉၅၂ ကိုင်ဆောင်သူထံမှ ၁၆-၂-၂၀၀၉ရက်တွင် အပြီးအပိုင်ငွေချေပြီး ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုရီ (LL.B)
စဥ်(၄၅၆၀)၊တရားရုံးချုပ်ရှေ့နေ
တိုက်(၁၁)၊ အခန်း(၅)၊ ၃၄လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀-၂၅၁၇၈။

ကားဝယ်မည်

Hilux ၅ ချိတ် 82 Model နှင့်အထက်CNGဓာတ်ဆီ နံပါတ်အနီ၊ အနက်။

ဖုန်း-၀၉-၅၁-၃၆၃၇၈။

လူပျောက်ကြော်ငြာ

ကိုသိန်းဝင်း မှတ်ပုံတင်အမှတ် ၉/မထလ(နိုင်) ၀၆၇၄၃၇ (ဘ) ဦးထွန်းကြိုင် မြစ်ကြီးနားမြို့ လယ်ကုန်း ရပ်ကွက်တွင်နေသူသည် ၁၄-၁၂-၂၀၀၈ရက်တွင်မိတ္ထီလာမှ မန္တလေးသို့ ထွက်ခွာလာရာ ယနေ့အချိန်အထိ အိမ်သို့ရောက်ရှိမလာဘဲ ပျောက်ဆုံး နေပါသဖြင့် မိသားစုနှင့်အမြန်ဆုံး ဆက်သွယ်အကြောင်းကြားပါရန်။**ဦးသန်းနိုင်-ဒေါ်ညွန့်တင် နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၆၄-၂၃၀၀၃၊ ၀၇၄-၂၂၃၀၄။**

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သားကြီး မောင်သက်နိုင်ဝင်း ၉/အမရ(နိုင်)၀၈၇၁၁၁သည် မိဘ ပြောဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် ဆက်လက်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့် ကိစ္စများအား လုံးဝတာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးဝင်းရီ
၉/အမရ (နိုင်) ၀၃၉၁၂၇။

လှိုင်းဘွဲ့မြို့တွင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၆ ရက်က ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဗိုလ်မှူးချုပ်ဇော်မင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးအောင်လင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူမြို့ အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်

ကန့်ဘလူ ဖေဖော်ဝါရီ ၁၅

ရွှေဘိုခရိုင် ကန့်ဘလူမြို့ အခြေခံပညာအထက်တန်းကျောင်း(၉၉/တက္ကသိုလ်ဝင်တန်း) ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၈ရက်နံနက်၁၀နာရီက ကန့်ဘလူ အထကမ္ဘောရုံ၌ကျင်းပရာ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းပြဆရာ ဆရာမကြီး၇၄ဦးတို့ကြွရောက်အပူဇော်ခံသည်။

အခမ်းအနားတွင် ဆရာ ဆရာမကြီးများကိုယ်စားအထက်တန်းပြဆရာကြီး(ငြိမ်း) ဦးအေးက ဩဝါဒစကား ချီးကျူး ဂုဏ်ပြုပြောကြားသည်။ (၀၂၇)

ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော ညောင်ပင်သာ-ကညင်ဒိုင်းလမ်းအား စက်ယန္တရားများဖြင့် မြေသားလမ်းဖောက်လုပ်မှုကို ဇန်နဝါရီ ၂၄ ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသား ကာကွယ်ဆေးတိုက်နေ့ ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

လင်းခေး ဖေဖော်ဝါရီ ၁၉

လင်းခေးခရိုင် လင်းခေးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်နေ့ ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၇ရက်နံနက် ၈နာရီက လင်းခေးမြို့နယ် မြို့ပေါ်ရှစ်ရပ်ကွက်နှင့်ကျေးရွာများရှိ စုရပ်များ၌ ကျင်းပကြသည်။

အားပေး

ရှေးဦးစွာ လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာ ရှိစုရပ်တွင် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်အောင်နှင့် ကျန်းမာရေး ဝန်ထမ်းများက အသက်ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ကျေးလက်လုပ်ငန်းဖြစ်သော ကွန်ဆိပ်-ဝန်းစီ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့်လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မင်းသာ-လှည်းဆိပ် ကျောက်ချောလမ်းဖွင့်

တမူး ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်း တမူးခရိုင် မြို့သစ်မြို့အတွင်းရှိ မင်းသာကျေးရွာနှင့် လှည်းဆိပ်ကျေးရွာအကြား ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၁ နာရီက မင်းသာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းက မင်းသာ-လှည်းဆိပ်ကျောက်ချောလမ်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက မင်းသာ-လှည်းဆိပ် ကျောက်ချောလမ်းအား ကျေးရွာလုပ်ငန်းကော်မတီသို့ လွှဲအပ်ခြင်းအထိမ်းအမှတ်အလံများ ပေးအပ်ခြင်းနှင့် မင်းသာကျေးရွာနေ အငြိမ်းစားကျောင်းဆရာဦးညဏ်ထွန်းက ကျေးဇူးတင်စကား ပြောကြားပြီး ကျောက်ချောလမ်းအား မြို့နယ်ဥက္ကဋ္ဌ မင်းသာကျေးရွာဥက္ကဋ္ဌ ဦးစိန်မောင်နှင့် လှည်းဆိပ်ကျေးရွာဥက္ကဋ္ဌ ဦးကျော်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပတ်လမ်း ကတ္တရာလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာခင်း

ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အောင်ပန်းမြို့ ရွှေတစ်ဆုပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ၁၃ရက်က ပြည်နယ်ညွှန်ကြားရေးမှူးဦးအောင်မြင့်ဆွေက ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း ထော်လာဂျီနှင့် ဆိုင်ကယ်တိုက် တစ်ဦးသေဆုံး

မုတ္တမ ဖေဖော်ဝါရီ ၁၅

ပေါင်မြို့နယ် မုတ္တမမြို့တွင် ဖေဖော်ဝါရီ ၉ရက်က ထော်လာဂျီနှင့် ဆိုင်ကယ်တိုက်မိကြရာ ဆိုင်ကယ်မောင်းနှင်လာသူမှာ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ထိုနေ့ ညနေ၃နာရီခန့်က စိုင်းမောင်မောင်(၂၄နှစ်) (ဘ) ဦးလှစိုးမောင်းနှင်လာသည့် မဒ/၁၄အပြာရောင် ထော်လာဂျီနှင့် ဆိုင်ကယ်မောင်းနှင်လာသူ ကိုအောင်(၃၁နှစ်) ရွှေမြိုင်သီရိရပ် မော်လမြိုင်မြို့နေသူတို့ တိုက်မိကြရာ ဆိုင်ကယ်မောင်းနှင်လာသူမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသဖြင့် ဆေးရုံသို့ရောက်ပြီး မကြာမီ သေဆုံးသွား၍ ထော်လာဂျီမောင်းနှင်လာသူ စိုင်းမောင်မောင်အား ဥပဒေအရ စုံစမ်းအရေးယူထားသည်။ (၀၁၃)

အတွင်းရေးမှူး(၁)စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့ အထိမ်းအမှတ် ညစာစားပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနင်းတို့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ချက်ထရီယမ်ဟိုတယ်၌ ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် (Russian Armed Forces Day) ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်းတို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး **Colonel Alexander V-SVINTSOVSKIY** ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၈၁)ကြိမ်မြောက် ရုပ်ရှင်အော်စကာဆုများ ချီးမြှင့် ဒါရိုက်တာဆု ဘွိုင်လီ၊ သရုပ်ဆောင်ဆု ရှောင်ပင်းနှင့် ကိတ်ဝင်းစလက်တို့ ဆွတ်ခူး

ပြည်ပအနုပညာသတင်းမှတ်စု - မိုးမြင့်လင်းလက် ❖ စာမျက်နှာဖွဲ့စည်းမှု -ဉာဏ်ဖြိုး(မြန်မာ့အလင်း)

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၃

(၈၁)ကြိမ်မြောက် အော်စကာဆုချီးမြှင့်ပွဲ အခမ်းအနားကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒတ်ကဇာတ်ရုံ၌ ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပရာ အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဆုကို ''Slumdog Millionaire'' က ဆွတ်ခူးရရှိခဲ့သည်။

သရုပ်ဆောင် အော်စကာဆုရ ရှောင်ပင်း၏ အပြုံး။ (အင်တာနက်)

ဆွတ်ခူးရရှိ

အကောင်းဆုံး ဒါရိုက်တာဆုကို "Slumdog Millionaire" ဇာတ်ကားရိုက်ကူးသူ ဒန်နီဘွိုင်လီက ဆွတ်ခူးရရှိခဲ့သည်။ ထို့အတူ အကောင်းဆုံး အမျိုးသား သရုပ်ဆောင် အော်စကာဆုကို "Milk" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ရှောင်ပင်းက ဆွတ်ခူးရရှိခဲ့သည်။

တစ်ဖန် အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင် အော်စကာဆုကို "The Reader" ရုပ်ရှင်ဇာတ်ကား

စာမျက်နှာ ၃ ကော်လံ ၁ ✻

အမျိုးသမီး သရုပ်ဆောင် အော်စကာဆုရ ကိတ်ဝင်းစလက်၏ ပီတိ။ (အင်တာနက်)

ဆင်သေရေလှောင်တမံကြီး တည်ဆောက်ပေးနိုင်ခဲ့မှု နွေစပါး ဧက ၁၀၀၀၀ အတွက် စိုက်ပျိုးရေ နှစ်စဉ် ဖြန့်ဝေပေးနိုင်

ဆင်သေရေလှောင်တမံ၏ ကျေးဇူးကြောင့် နေပြည်တော်တပ်ကုန်းရှိ ခေတ်အေးကျေးရွာအနီး အောင်မြင်ဖြစ်ထွန်းနေသော နွေစပါးစိုက်ခင်းများ။ (မြန်မာ့အလင်း)

နေပြည်တော် ဖေဖော်ဝါရီ ၂၃ (ဖက်စ်)

နေပြည်တော်တပ်ကုန်းရှိ ကျေးရွာများသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး စိုက်ပျိုးရေးကို အောင်မြင်ဖြစ်ထွန်းအောင် လုပ်ကိုင်နိုင်ကြခြင်းမှာ ဆင်သေရေလှောင်တမံ၏ကျေးဇူး ကင်းမည်မဟုတ်ပေ။ မှန်ပေသည်။ ဤဒေသနေ တောင်သူများသည် မိုးအခါတွင် မိုးစပါးကို အပြည့်အဝ စိုက်ပျိုးနိုင်ကြသည့်အပြင် ကြံ၊ ပြောင်း၊ နှမ်း၊ ဝါတို့ စိုက်ပျိုးဖြစ်ထွန်း၏။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

သတင်းမြင်ကွင်း - မြင့်မောင်စိုး
ဇာတ်ပုံမှတ်တမ်း - လှရွှေ(ကေတုမတီ)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)